## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## တတိယနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ (၃)ပုံ(၁)ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဖတ်ကြားတင်ပြပါမယ်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ဖျားနာ။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူး ဇော်ခင်ထွဋ်၊ တပ်မတော်၊ အရေးကြီးတာဝန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) မစခင် ဒီကနေ့ လွှတ်တော်ကို အစီအစဉ်တစ်ခု တင်ပြ ချင်တာ ရှိပါတယ်။ လွှတ်တော်အတွင်း ဒီမိုကရေစီ ဖော်ဆောင်တဲ့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ် များက မိမိတို့ အနှစ်သက်ဆုံး လွှတ်တော်ကိုယ်စားလှယ်၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ မထားဘဲနဲ့ (၅)ဦးစီ ဥက္ကဋ္ဌထံကို အမည်စာရင်း ပေးကြဖို့ ဖြစ်ပါတယ်။ မဲပေးကြဖို့ ဖြစ်ပါတယ်။ မိမိလက်ရေးနဲ့သော် လည်းကောင်း၊ ကွန်ပျူတာစာစီပြီးတော့သော်လည်းကောင်း စာအိတ်ပိတ်ပြီးတော့ ပေးရမှာဖြစ်ပါတယ်။ မိမိရဲ့အမည်ကို ဖော်ပြဖို့မလိုပါဘူး။ ဒီစာအိတ်တွေကို လာမယ့် (အင်္ဂါနေ့) အမျိုးသားလွှတ်တော် ကျင်းပတဲ့အခါမှာ ကဒ်ပြားတွေ ထုတ်ရင်းနဲ့ အဲဒီမှာပေးခဲ့ဖို့ ဖြစ်ပါတယ်။ မည်သူ့ဆီက မရသေးဘူး ဆိုတာလောက်ပဲ မှတ်ထားမှာ ဖြစ်ပါတယ်။ ပြီးရင် ဥက္ကဋ္ဌကိုယ်တိုင် ဒါတွေကို သိမ်းထားမှာ ဖြစ်ပါတယ်။ ဒီလိုသိမ်းထားပြီးတော့မှ ယခင့်ယခင် ဒီမြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ လွှတ်တော်တွေမှာ ဒီလိုလုပ်တဲ့ အစဉ်အလာမျိုးလေးတွေ ရှိခဲ့ဖူးပါတယ်။ ယနေ့လွှတ်တော် ရဲ့ ဥပဒေ၊ နည်းဥပဒေမှာ မပါရှိ သော်လည်း လွှတ်တော်အတွင်း ဒီမိုကရေစီနည်းအရ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း အပြန်အလှန် ဦးစားပေး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ တပ်မတော်သား တွေလည်း အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မိမိရဲ့ သဘောဆန္ဒအလျောက် ရေးပေးပါ။

ဒီနေရာမှာ တစ်ခု မေတ္တာရပ်ခံချင်တာကတော့ ဥက္ကဋ္ဌကတော့ တာဝန်တစ်ခုတော့ ပေးတော့မယ် ထင်တယ်။ အမြင်ကပ်တဲ့သူကို ဦးစားပေး(၁) ပေးလိုက်မှပဲ ဆိုတာမျိုးတော့ မလုပ် ကြဖို့ မေတ္တာရပ်ခံပါတယ်။ အမှန်အတိုင်း မိမိစိတ်ထဲမှာ လွှတ်တော်အတွင်းမှာ ဆောင်ရွက်ချက် တွေနဲ့ ပတ်သက်လို့ အကဲဖြတ်ပြီး ဦးစားပေး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရေးပေးပါ။ ကျန်တာ ဘာမှ ရေးစရာ မလိုပါဘူး။ အဲဒီမိမိ ဦးစားပေး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) လွှတ်တော် ကိုယ်စားလှယ်ရယ်၊ သူ့ရဲ့မဲဆန္ဒနယ်ရယ်၊ လွှတ်တော်ကိုယ်စားလှယ် အမည်၊ မဲဆန္ဒနယ် ဒါလေးကိုပဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)ရေး၊ စာအိတ်ထဲပိတ်၊ ဘာမှ ဘယ်သူ ပို့တယ်ဆိုတာလည်း လက်မှတ်ထိုးစရာ မလိုပါဘူး။ စာအိတ်ပိတ်ပြီးတော့ ဒီမှတ်ပုံတင်ကတ်လဲတဲ့ ကောင်တာမှာ (အင်္ဂါနေ့)မှာ မပျက်မကွက်ပေးကြပါ။ အဲဒီနေ့မှာ ခွင့်ပန်လို့ မလာနိုင်တဲ့လူတွေကတော့ လူကြုံပေးစရာ မလိုပါဘူး။ အဲဒီလူတွေ မပါ၊

တက်ရောက် ပြီးတော့ ပေးတဲ့သူတွေရဲ့ ဆန္ဒကို ယူပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသင့်ရင်လည်း ပေးရမယ့် အနေအထား ဖြစ်ပါတယ်။ အားလုံး သဘောတူရဲ့လား။ မတူဘူးလား။ မဟုတ်ဘူး။ ဥက္ကဋ္ဌကမေးရင်လည်း သဘောတူရင် တူတယ်၊ မတူရင်လည်း မတူဘူး ဖြေကြပါ။ သဘောတူ ပါသလားလို့ မေးတဲ့အခါမှာ အသံက နည်းနည်းလေး။ သဘောမတူတဲ့သူ ရှိပါသလား ဆိုတော့ လည်း မရှိဘူး။ မရှိဘူးဆိုရင် အားလုံး သဘောတူတယ်ဆိုရင် အားလုံးဖြေဖို့ လိုပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ အစီအစဉ်(၅)ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချော ပြုပြင်ပြီး ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းအား ခွင့်ပြုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က အချောပြုပြင်ပြီး ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းအား ခွင့်ပြုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ အချောပြုပြင်ပြီး ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းအား ခွင့်ပြုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနသို့ ကျွန်တော်မေးမြန်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရတာကတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီအာဆီယံရဲ့ စီးပွားရေးအသိုက်အဝန်းကိုဝင်လာတဲ့အခါမှာ SME ကဏ္ဍဟာလည်း အရေးကြီးပါတယ်။ ဒီကျောက်မျက်ရတနာများ အချောပြုပြင်ပြီး ဆောင်ရွက်တဲ့လုပ်ငန်းဟာလည်း SME နဲ့ နွယ်လျက်ရှိပါတယ်။

ဒါကြောင့်ကျွန်တော် တချို့လုပ်ငန်းရှင်တွေ ကျွန်တော် UMFCCI က အဖွဲ့ဝင်တချို့ကိုပဲ သူတို့နဲ့ တွေ့တဲ့အခါမှာ ကျွန်တော် မေးကြည့်ပါတယ်။ နောက် တချို့တွေကလည်းပဲ ပြောပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက အခု တွင်းထွက် ကျောက်မျက်ရတနာတွေကို နိုင်ငံတော်အစိုးရက နေပြီးတော့ လေလံတင်ရောင်းချတယ်။ အဲဒီရောင်းချပွဲ ကျွန်တော်တို့ ဆောင်ရွက်ပေးတယ်။ ပုဂ္ဂလိကအနေနဲ့ကတော့ ဒီကျောက်မျက်ရတနာတွေ ဒီကျွန်တော်တို့ တွင်းထွက်၊ ဘာမှမပြုပြင်ရသေးတဲ့ Raw Materials တွေကို ဒါကျွန်တော်တို့ လေလံတင်စနစ်နဲ့ ဒီမှာခေါ်ပြီးတော့ အစိုးရက ရောင်းချပေးနေတယ်ဆိုတာကို သိရှိရပါတယ်။

သို့သော်လည်းပဲ သူတို့တွေက၊ အများက Value added ပေါ့၊ ကျောက်စိမ်းဆိုလည်းပဲ ကျောက်စိမ်းကိုပြုပြင်ပြီး၊ ပြုပြင်ပြီးတယ်ဆိုတာ ဥပမာအားဖြင့် ကျွန်တော်တို့က နားကပ်ပဲဖြစ်ဖြစ် လက်ဝတ်ရတနာပေါ့။ အဲဒီလိုပြုပြင်ပြီးတဲ့ ပစ္စည်းတွေကို ဒီနိုင်ငံခြားတွေကလာတဲ့ ခရီးသွားတွေပဲ ဖြစ်ဖြစ်၊ နိုင်ငံခြားက ဧည့်သည်တွေပဲဖြစ်ဖြစ် ဒါတွေကို ပုဂ္ဂလိက ရောင်းချခွင့် ရှိ/မရှိ ဆိုတာ သူတို့မှာ ရှင်းရှင်းလင်းလင်းမသိပါဘူး။ တစ်နည်းအားဖြင့်ပြောရရင် တော်တော်များများခုနက UMFCCI မှာ ရှိနေတဲ့ ပုဂ္ဂိုလ်တချို့ကိုပင် ဒါဟာ ရောင်းချခွင့် မရှိဘူးဆိုတဲ့ သဘောမျိုး ကျွန်တော့်အနေနဲ့ စုံစမ်းသိရှိရပါတယ်။ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံက ဒီကျောက်မျက်ရတနာတွေ ထွက်တယ်။ ထွက်တဲ့ဟာတွေကို Value added ပေါ့။ ဒီလိုလုပ်ပြီးတော့ ရောင်းမယ်ဆိုလို့ရှိရင်လည်း နိုင်ငံ့ဝင်ငွေဟာ အခုထက်ပိုပြီးတော့ ကျွန်တော်တို့ ရရှိနိုင်တယ်။ နောက် ကျွန်တော်တို့ Value added လုပ်တဲ့အခါမှာ သူ့ရဲ့ ကျွန်တော်တို့ အလုပ်သမားတွေပေါ့၊ အလုပ်ခွင် Job Creation ပေါ့၊ ဒီဟာတွေကလည်းပဲ ရှိလာနိုင်တဲ့သဘောမျိုး တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ ပြည်ပနိုင်ငံတွေကို သွားမယ်ဆိုလို့ရှိရင်၊ ကျွန်တော်တို့ အနီးဆုံးနိုင်ငံသွားမယ်ဆိုလို့ရှိရင် အဲဒီမှာပဲ ကျောက်မျက်ရတနာတွေကို အချောပြုပြင်နေတဲ့ နေရာတွေ အများကြီးရှိပါတယ်။ သူတို့ တစ်နည်းအားဖြင့်တော့ ကျောက်ကို သွေးမယ်၊ အချောပြင်မယ်၊ ဒီလက်ဝတ်ရတနာတွေလုပ်မယ်၊ သူတို့နိုင်ငံခြားတွေကို တင်ပို့မယ်။ ဒီဟာတွေ ကျွန်တော်တွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ ပုဂ္ဂလိကအနေနဲ့ ဒီလို Value added ဒီလို ကျောက်မျက်ရတနာတွေ အချောပြုပြင်ပြီးတဲ့ ကျောက်မျက်ရတနာတွေကို ပြည်ပနိုင်ငံကို ရောင်းချခွင့် ရှိ/မရှိ ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ နောက်ဒီနေရာမှာလည်းပဲ တကယ်လို့များရှိခဲ့လို့ ရှိရင်လည်းပဲ သူ့ရဲ့ ကန့်သတ်ချက်များ၊ ကန့်သတ်ချက်တွေ မည်ကဲ့သို့ ကန့်သတ်ချက်များ ရှိတယ်ဆိုတာကိုလည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၃။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှစ်ဖြာနှင့် ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အချောပြုပြင်ပြီး ကျောက်မျက်

ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပ ပြုလုပ်ပြီး အောက်ဖော်ပြပါ ရတနာများကို နိုင်ငံခြားငွေနဲ့ ရောင်းချပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ပေးလျက် ရှိပါတယ်။ (က) ကျောက်စိမ်း၊ ကျောက်မျက် အရိုင်းများနှင့် ပုလဲလုံးများ။ (ခ) ကျောက်စိမ်း၊ ကျောက်မျက် အချောထည်များဖြစ်သည့် သွေးပြီးကျောက်မျက်ရတနာများ (Cut and Polishing Gems Stones)။ (ဂ) ပွတ်ချော အရောင်တင်ထားသော ကျောက်မျက်ရတနာများ။ (ဃ) ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ။ (င) ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်အရိုင်းများနှင့် အချောထည်များ။ (စ) ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ။ (ဆ) ပြပွဲတွင် သီးခြားပုဂ္ဂလိက အရောင်း ဆိုင်များ ရတနာဆိုင်များ ဖွင့်လှစ်၍ လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ သွေးပြီး ကျောက်စိမ်း၊ ကျောက်မျက်အချောထည် (Looes Stones)များ၊ ကျောက်ကပ်ပန်းချီကားများ၊ ရွှေထည်ငွေထည် ပစ္စည်းများ။

အထက်ဖော်ပြပါ ပစ္စည်းများကို အောက်ဖော်ပြပါ ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကများက ရတနာပြပွဲတွင် တင်ပြရောင်းချခွင့်ရှိပါတယ်။ (က) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း။ (ခ) မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။ (ဂ) မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများ။ (ဃ) မြန်မာ့ပုလဲ ဥပဒေနှင့်အညီ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူ လုပ်ကိုင်နေသော ကုမ္ပဏီများ။ (င) မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ရတနာ အရောင်းဆိုင် ဖွင့်လှစ်၍ ရတနာပစ္စည်းရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသူများ။ (စ) ကျောက်စိမ်း အချောထည်၊ ရုပ်တု ရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသူများ။ (ဆ) လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိထား သူများ။ (ဇ) ကျောက်မျက်ရတနာများ ဝယ်ယူရောင်းချခြင်း လုပ်ငန်းလိုင်စင် ရယူထားသော ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများ။ (ဈ) ပုဂ္ဂလိကများ ၎င်းတို့၏ ဘိုးဘွားပိုင်ရတနာ ပစ္စည်းများကို တင်ပြ ရောင်းချခွင့် ပြုထားပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာနည်း ဥပဒေ ၂၂ (က) အရ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကို ဖြစ်စေ၊ လက်ဝတ် ရတနာကို ဖြစ်စေ ဆိုင်ခန်း သို့မဟုတ် အရောင်းပြခန်းများ ဖွင့်လှစ်ပြီး နိုင်ငံခြားငွေဖြင့် ရောင်းချ လိုသော ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂိုလ်များကို ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရန် ရတနာဆိုင် လိုင်စင်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ရတနာဆိုင် လိုင်စင်ရရှိထားသည့် ရတနာဆိုင်များ သည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးထားသည့် အရောင်းပြေစာ (Cash Memo)ကို အသုံးပြု၍ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများကို နိုင်ငံခြားငွေဖြင့် ရောင်းချ နိုင်ပါတယ်။ ဒီလိုရောင်းချတဲ့အခါမှာ အရောင်းပြေစာကို ပို့ကုန်လိုင်စင်အဖြစ် အသုံးပြု၍ ရောင်းချ ရသည့် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝက်ရတနာများကို လေဆိပ်၊ ရေဆိပ်များမှ ပြည်ပနိုင်ငံများကို သယ်ယူနိုင်ပါတယ်။ ပြည်တွင်းမှာလည်း လက်ဝတ်ရတနာနှင့် အချောထည်

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သွေးပြီးကျောက်မျက်ရတနာများကို လက်ဝတ်ရတနာပြုလုပ်ပြီးမှ သာလျှင် ပြည်ပကို သယ်ယူခွင့်ပြုလျက်ရှိပါတယ်။ ရတနာဆိုင်များသည် နိုင်ငံခြားမှ ရတနာကုန်သည်များကို ဖိတ်ခေါ်ပြီး ရတနာပြပွဲ၊ သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနဲ့ လိုင်စင်အရ ခွင့်ပြုထားသည့် ဆိုင်ခန်းနေရာများမှာ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းချက် များနှင့်အညီ နိုင်ငံခြားငွေဖြင့် ရောင်းချခွင့် ရှိပါတယ်။ ထို့သို့ရောင်းချသည့် တန်ဖိုး အမေရိကန် ဒေါ်လာ(၅၀၀၀၀)နှင့်အထက် ရရှိပါက သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်ထားသည့် နေရာတွင်သာ ရောင်းချရမှာဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနများရဲ့ ရှေ့မှောက်မှာ တန်ဖိုးသတ်မှတ် ရောင်းချနိုင်ပါတယ်။

ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဖြစ် ရောင်းချနေခြင်းအစား တန်ဖိုးမြင့်ထုတ်ကုန် (Value added) ကုန်ချောများအဖြစ် ထိုက်တန်တဲ့ ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး၊ ပြည်တွင်းလုပ်ငန်းရှင်များ အချောထည် ကုန်ထုတ်လုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးစတဲ့ ရည်ရွယ်ချက်များနဲ့ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ One stop service Centre များ ဖွင့်လှစ်ပြီး ကျောက်စိမ်းအသားကျောက် အဆင့်ဖြင့် ပြုလုပ်ထားသော ကျောက်စိမ်းလက်ကောက်၊ ပုတီး၊ လက်စွပ်၊ လွှာချပ်အစရှိတဲ့ အချောထည်များ၊ ပလွမ် (Albite)၊ မြစ်ဆုံကျောက် (Quartzite) တို့ဖြင့် ပြုလုပ်ထားသော လက်ကောက်၊ ပုတီး စသည့် အချောထည်များကို မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချခွင့် ပြုလျက်ရှိပါတယ်။

ရတနာဆိုင်လိုင်စင် ရယူထားတဲ့ ရတနာဆိုင်များသည် ပြည်ပနိုင်ငံများမှာ ကျင်းပပြုလုပ်သော ရတနာပြပွဲများ၊ ကုန်စည်ပြပွဲများသို့ သွားရောက်ပြသရောင်းချခွင့် ပြုလျက်ရှိပါတယ်။ ရတနာဆိုင်များ ပြည်ပသို့ သွားရောက်ရောင်းချနိုင်ဖို့အတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) က ဦးဆောင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် သွားရောက်ရောင်းချခြင်း ဖြစ်ပါတယ်။ ထိုသို့ သွားရောက်ရောင်းချရာတွင် ၂၀၀၈ ခုနှစ်အတွင်းက ကုမ္ပဏီ/လုပ်ငန်း တစ်ခုလျှင် တန်ဖိုး အမေရိကန် ဒေါ်လာ(၂၀၀၀၀)ထက် မကျော်လွန်သော အသင့်ပြုလုပ်ပြီး လက်ဝတ်ရတနာများကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ တန်ဖိုးကန့်သတ်ချက် ထားရှိခြင်း မရှိပါ။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အချောပြုပြင်ပြီး ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး အထက်ဖော်ပြပါအတိုင်း ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည်ပစ္စည်းများ ရောင်းချခြင်းအား ခွင့်ပြုလျက်ရှိပါကြောင်းနဲ့ အခြားနည်းလမ်း များဖြင့် တင်ပို့ရောင်းချခြင်းကို ခွင့်ပြုပေးမည့် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်ထားရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၂)(၃) (၄)ပါအတိုင်း ဆောင်ရွက်မှု မရှိခြင်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် အလားတူ အမှားအယွင်းများကြောင့် တိုင်ကြားထားသည့် ဖဲကတာကျေးရွာအုပ်စုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်ထားရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၂)၊ (၃)၊ (၄) ပါအတိုင်း ဆောင်ရွက်မှုမရှိခြင်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် အလားတူ အမှားအယွင်းများကြောင့် တိုင်ကြားထားသည့် ဖဲကတာကျေးရွာအုပ်စုအပေါ် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးကို တက်ရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမယ့်ကိစ္စကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းက ရွေးချယ်ခန့်အပ်ခဲ့သော ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းမပြု ကိစ္စရပ်များ အပေါ် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအထဲမှာ ပြုလုပ်သော ကရင်ပြည်နယ် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေသန်း(၁၀၀၀)သုံးစွဲမှု ချပြသည့် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်အား မွန်တိုင်းရင်းသား ရေးရာဝန်ကြီး၊ နိုင်ချစ်ဦး မေးမြန်းသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများ ရွေးချယ်သည့် ကိစ္စအပေါ် ဝန်ကြီးချုပ်က ယခု ရွေးချယ်နေသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ဥပဒေနဲ့အညီ မရွေးချယ်ပါက တိုင်ကြားရန်၊ ဥပဒေနှင့်အညီ ရွေးချယ်လျှင် အုပ်ချုပ်ရေးပိုင်းက ဆောင်ရွက်နေမှုကိစ္စကို ဝင်ရောက်စွက်ဖက် ခြင်းမပြုရန် ပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြု မဏ္ဍိုင်ဖြစ်ပြီး၊ ဥပဒေပြုရေးတာဝန် ယူထားရပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တွင် ပြဋ္ဌာန်းရန် ဆွေးနွေးစဉ်က ပြည်သူလူထုအတွက် အခြေခံအကျဆုံးသော ဒီမိုကရေစီ ဖော်ဆောင်မှု ဖြစ်၍ ကျွန်တော်သည် အလေးထား ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော့်တင်ပြချက်များကို သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အများဆန္ဒနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲ

ဆုံးဖြတ်အတည်ပြုပြီး သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေဖြစ်ပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်သူအားလုံးက လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဟု ကျွန်တော် ယုံကြည်ပါတယ်။

သို့ရာတွင် ကရင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာမှုမရှိသဖြင့် ပြည်သူတို့၏ မကျေနပ်မှုများ ကြီးထွားနေပြီး၊ အုပ်ချုပ်ရေးတာဝန် ယူထားသော အစိုးရအဖွဲ့အပေါ် လေးစားမှု ကင်းမဲ့ခြင်းများ ဖြစ်ပေါ်နေပါတယ်။ အဓိက တာဝန်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ငါတို့က (၅)ဦးကော်မတီ ဖွဲ့ပေးပြီးရင် တာဝန်ကျေပြီ၊ (၅)ဦးကော်မတီ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေး အဖွဲ့က ဆောင်ရွက်တာသည် ဥပဒေနှင့် ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ တို့နဲ့မဆိုင်၊ သူတို့ တင်ပြလာသော အုပ်ချုပ်ရေးမှူးလောင်း၏ ကိုယ်ရေးအကျဉ်းနှင့် (၅)ဦးကော်မတီ လက်မှတ်ပါ လာရင် ပြီးပြီဟုသာ ခံယူလုပ်ဆောင်နေကြပါသည်။ ဥပဒေနှင့်မညီကြောင်း တိုင်ကြားစာများ ရရှိသည့် အခါတွင်လည်း ကိုယ်က လိုလားသူဆိုရင် ဘယ်လိုပဲတိုင်တိုင် အရေးယူမှု မရှိဘဲ၊ ရွေးချယ်ခံရတာ ကိုယ်လိုလားသူ မဟုတ်လျှင် တိုင်ကြားစာရတဲ့အတွက် အရွေးခံရသူကို အတည်မပြုသလို၊ ပြန်လည် ရွေးချယ်ခြင်းကိုလည်း မလုပ်ဘဲထားတာကြောင့် ယခု ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ထဲက ကျေးရွာ အုပ်စု တော်တော်များများ အုပ်ချုပ်ရေးမှူး မရှိဘဲ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် အုပ်ချုပ်ရေးမှူးများကပဲ ဆက်လက်အုပ်ချုပ်နေကြပါတယ်။ အဆိုးဆုံး သာဓကတစ်ခု တင်ပြရမယ်ဆိုရင် ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု မွန်တိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာမှာ အိမ်ခြေ(၇၀၀)ကျော် ရှိပါတယ်။ ယခင် ဥက္ကဋ္ဌအဟောင်းဖြစ်သူ အုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက် ခန့်ထားခံရသူ ဦးဝင်းလှ ကို ရွာသားအများစုက မကြိုက်ကြပါ။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့မှာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးအဖွဲ့ဖြစ်သည့် ရပ်မိရပ်ဖ(၅)ဦး ရွေးချယ်ရန် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးရွှေစင်လတ် ဦးဆောင်တဲ့အဖွဲ့ ကျုံဖဲရွာ ရောက်လာပါတယ်။ ယခင်အုပ်ချုပ်ရေးမှူးဟောင်း ဦးဝင်းလှ က ခေါ်ယူထားသူ လူ(၂၀)ဦး ခန့်ကို ကမ်းနားပိုင်း ဘုန်းတော်ကြီးကျောင်း၌ စုစည်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးလောင်းရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ဝင်(၅)ဦးကို ရွေးချယ်လိုက်ပါတယ်။ ဒီသတင်းဟာ တစ်ရွာလုံးချက်ချင်း ပြန့်သွား ပါတယ်။ ထိုသို့ ရွေးချယ်ခြင်းခံရသူ(၅)ဦးသည် ကျေးရွာအုပ်စု တစ်ခုလုံးအတွက် အများကြည်ညို လေးစားသူ၊ ဩဇာတိက္ကိမရှိသူလို့ လက်မခံနိုင်ကြလို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက် ရက်စွဲဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ လိပ်မူပြီး ဝန်ကြီးချုပ်ထံ မိတ္တူပေး၍ ရွာသား(၃၂)ဦး လက်မှတ်ရေးထိုး တိုင်ကြားခဲ့ပါတယ်။

သို့ရာတွင် နောက်တစ်ရက်မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးတာဝန် ခေတ္တယူထားသော ဦးလွင် နှင့်အဖွဲ့ ကျုံဖဲကျေးရွာ ရောက်လာပြီး သူတို့ ရွေးချယ်ထားသော ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ် ထားသည့်အတိုင်း အတည်ပြုကြောင်း လာပြောလို့ ရွာသား(၃၀၀)ခန့် ရွာထိပ်ထွက်ပြီး ထိုကိစ္စကို ကန့်ကွက်ကြပါတယ်။ ထို့အပြင် ရွာသား(၅၀)ဦးခန့်ဟာ ဘားအံမြို့ပေါ်ကို ကားများဖြင့် တက်လာပြီး ထိုကိစ္စကို သဘောမတူကြောင်း ပြန်လည်ပြင်ဆင် ရွေးချယ်ပေးရေး တင်ပြဆောင်ရွက်ပေးရန် ပြည်ခိုင်ဖြိုးပါတီ၊ ပြည်နယ်ရုံးကို လာရောက်တင်ပြကြပါတယ်။ ပြည်နယ်ပါတီ အတွင်းရေးမှူးကလည်း

ဒီကိစ္စဟာ ပါတီက ဆောင်ရွက်လို့မရတာကြောင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်ကို ဖုန်းနဲ့ ခေါ်ပြီး ရွာသားတွေနဲ့ တွေ့ပေးပါတယ်။ သူတို့ တင်ပြချက်ကို နားထောင်ပြီး ကျွန်တော်ကလည်း ဥပဒေမှာ (၅)ဦးကော်မတီ အုပ်ချုပ်ရေးအဖွဲ့ကို ရွေးချယ်တဲ့အခါ ကျေးရွာလူထု ဆန္ဒတောင်းခံရမည်လို့ မပါတဲ့အကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကသာ ရွေးချယ်ရမှာဖြစ်ကြောင်း၊ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ ဥပဒေရဲ့ အားနည်းချက် ဖြစ်သွားတာကြောင့်မို့ နားလည်ခွင့်လွှတ်ဖို့နဲ့ ပြည်သူ အခွင့်အရေးများ ဆုံးရှုံးမှာမဟုတ်ကြောင်း၊ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးတဲ့အခါ မိမိဆန္ဒနဲ့အညီ မဲပေးရွေးချယ်ခွင့် ရှိကြောင်း၊ ဆယ်အိမ်စု ကိုယ်စားလှယ်များကလည်း အုပ်ချုပ်ရေးမှူး ရွေးတဲ့အခါ မိမိတို့ဆန္ဒနဲ့အညီ မဲပေးရွေးချယ်နိုင်ကြောင်း နှစ်သိမ့်ပြီး ရွာကို ပြန်လွှတ်လိုက်ပါတယ်။ သူတို့ ပြန်သွားတော့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးအောင်အောင် ထံ ဖုန်းဆက်ပြီး ဒီအခြေအနေကို ကျွန်တော် ပြောပြပါတယ်။ ဦးအောင်အောင် က ကျွန်တော်သင်တန်းတက်နေလို့ အုပ်ချုပ်ရေးမှူးတာဝန်ကို ဦးလွင် နဲ့ လွှဲထားတယ်လို့ ပြောတာကြောင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင် ထံ ထပ်ပြီးတော့မှ ဖုန်းဆက်ပါတယ်။ ဦးရဲနိုင် က ကော့သင်းကျေးရွာရောက်နေပြီး (၅)ဦးကော်မတီကိစ္စ ဆောင်ရွက်နေလို့ ဖုန်းပြန်မပြောနိုင်တာကြောင့် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင် ထံ ထိုကိစ္စကို ဖုန်းနဲ့ တင်ပြခဲ့ပါတယ်။ ပြည်သူများရဲ့ဆန္ဒကို စဉ်းစားပေးဖို့နဲ့ ဥပဒေနဲ့ အညီ ဆောင်ရွက်ပေးဖို့ တင်ပြခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မြို့နယ်အုပ်ချုပ်ရေးမှူး တင်ပေးခဲ့တဲ့ (၅)ဦး ကော်မတီအဖွဲ့က ဆယ်အိမ်စုကိုယ်စားလှယ်လည်း မရွေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးလည်း ရွေးချယ်ခြင်း မပြုကြပါဘူး။ သို့ရာတွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလလယ်ခန့်မှာ ယခင်အုပ်ချုပ်ရေးမှူးအဟောင်း ဦးဝင်းလှ ကိုပင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင် က လက်မှတ်ရေးထိုးပြီး ခန့်အပ်ကြောင်း၊ ခန့်အပ်စာ ရောက်လာလို့ ဦးဝင်းလှ ဟာ သူနေထိုင်ရာ ကမ်းနားပိုင်းကို နွားတစ်ကောင်သတ်ပြီး အောင်ပွဲလုပ်ခဲ့ကြောင်း သိရပါတယ်။ ထိုစဉ်က ကျွန်တော် လွှတ်တော်အစည်းအဝေးများ တက်နေလို့ နေပြည်တော်မှာ ရှိနေပါတယ်။ ပြည်နယ်ပါတီ အတွင်းရေးမှူးကရော၊ ရွာက ရပ်မိရပ်ဖ အချို့ကပါ ကျွန်တော်ဆီ ဖုန်းဆက်ပြီး အုပ်ချုပ်ရေးမှူးကို ဥပဒေနှင့်အညီ မရွေးဘဲ မြို့နယ် အုပ်ချုပ်ရေးမှူးက ခန့်လိုက်ပြီဖြစ်ကြောင်း ပြောပါတယ်။ ကျွန်တော်ဟာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင် နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင် ကို ယုံကြည်ပါတယ်။ သူတို့(၂)ဦးဟာ ဒီလို ဥပဒေမဲ့ လုပ်မှာ မဟုတ်ဘူးလို့ ဒါကြောင့် ဒါဟာ မဖြစ်နိုင်ဘူး။ ခင်ဗျားတို့ အထင်လွဲတာ ဖြစ်မယ်။ ကျွန်တော်ပြန်ရောက်ရင် စုံစမ်းပေးမယ်လို့ ပြန်အဖြေပေးခဲ့ပါတယ်။ ဥပဒေနဲ့အညီ မဆောင်ရွက်ခဲ့ရင် ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး တင်ပြပေးမယ်လို့ ပြောခဲ့ပါတယ်။

ကျေးရွာသူ၊ ကျေးရွာသားများရဲ့ရင်တွင်း၌ ပြည်သူကရွေးချယ်သော အစိုးရလက်ထက်တွင် ဥပဒေနှင့်အညီ ဒီမိုကရေစီအကျိုးကို ခံစားရမယ်လို့ မျှော်လင့်ထားသော်လည်း အုပ်ချုပ်ရေး အဆင့်ဆင့်က ဥပဒေမဲ့ ဆောင်ရွက်ချက်အပေါ် ဝမ်းနည်းကြေကွဲစွာ ခံစားကြရပါတယ်။ ကျွန်တော် လွှတ်တော်ပြီးလို့ ဘားအံပြန်ရောက်တဲ့အခါ ဦးအောင်အောင် ဆီ ဖုန်းဆက်မေးပါတယ်။ ဦးဝင်းလှ ကို ခန့်ထားလိုက်တာ ဟုတ်တယ်လို့ ဖြေပါတယ်။ ကျွန်တော်က ဆယ်အိမ်စု ကိုယ်စားလှယ်လည်း မရွေး၊ အုပ်ချုပ်ရေးမှူးလည်း မရွေးဘဲ ဘာကြောင့် ခန့်ထားတာလဲ မေးတော့ သူ သင်တန်းတက်နေစဉ်

ဦးလွင် တို့ လုပ်ထားခဲ့တာဖြစ်ကြောင်းနဲ့ သင်တန်းက ပြန်ရောက်မှ အမိန့်စာ ထွက်ပေးရတာ ဖြစ်ကြောင်းပြောတော့ ကျွန်တော် ပြည်သူများကိုယ်စား ဝမ်းနည်းစွာ ခံစားရပါတယ်။ တို့ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတွေဟာ အောက်ခြေမှာ အသက် မဝင်ပါလားလို့ ခံစားရပါတယ်။ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ စဉ်းစားပါတယ်။ ချက်ချင်းပဲ ကျုံဖဲရွာကို သွားခဲ့ပါတယ်။ ပြည်သူ တွေနဲ့ တွေ့ပါတယ်။ အားလုံးက တိုင်ကြပါတယ်။ ကျေးရွာအုပ်စု စာရေးကိုယ်တိုင် တိုင်ပါတယ်။ ဒီစာရေး အမျိုးသမီးဟာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်ကတည်းက ကျေးရွာ စာရေး လုပ်လာသူဖြစ်ပြီး ရွာမှာပဲ နေပါတယ်။ အသက်(၅၈)နှစ် ရှိပါပြီ။ လုပ်ငန်းသဘောလည်း နားလည်ပါတယ်။ အငြိမ်းစားလည်း ယူခါနီးပြီမို့ သူပြောတာကို ကျွန်တော် ယုံကြည်ပါတယ်။ သူကိုယ်တိုင် သူ့လက်ရေးနဲ့ စာလည်း ရေးပေးပါတယ်။ အသံလည်း သွင်းပေးထားပါတယ်။ တကယ်လည်း ကျေးရွာမှာ ဆယ်အိမ်စုကိုယ်စားလှယ် မရွေးခဲ့ပါဘူး။

ကျွန်တော် Slide Show နဲ့ တင်ပြထားပါတယ်။ ဆယ်အိမ်စုကိုယ်စားလှယ် မရွေးတဲ့ အတွက် ဆယ်အိမ်စု ကိုယ်စားလှယ်များက အုပ်ချုပ်ရေးမှူးလည်း ဘယ်လို မဲဆန္ဒနယ်မှာ မရွေးနိုင် ပါဘူး။ တကယ်ပဲ မရွေးခဲ့ပါဘူး။ သို့ရာတွင် (၅)ဦးကော်မတီအဖွဲ့က လိမ်ပြီးတင်တယ်လို့ ကျွန်တော် ထင်ပါတယ်။ သူတို့တင်တဲ့ ဦးဝင်းလှ သည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေပါ အုပ်ချုပ်ရေးမှူးများသည် လက်နက်ကိုင် အဖွဲ့အစည်းဝင် မဖြစ်စေရ ဆိုတဲ့အချက်ကို မေ့နေကြ ပါတယ်။ သတိလည်း မထားကြပါဘူး။ သိပုံလည်း မရကြပါဘူး။ ဦးဝင်းလှ က ယခုအချိန်အထိ ကျုံဖဲကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး၊ အမှတ်(၃၁၀)ခြေမြန်တပ်ရင်းက သူ့ကို M.၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ (၇.၆၂)ကျည် (၄၀)တောင့် ထုတ်ပေးထား ပါတယ်။ တကယ်တော့ အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံမယ်ဆိုရင် ပြည်သူ့စစ်ခေါင်းဆောင်ကထွက်၊ ပြည်သူ့စစ်ခေါင်းဆောင်ပဲ ဆက်လုပ်ရင် အုပ်ချုပ်ရေးမှူးအရွေးမခံဘဲ နေသင့်ပါတယ်။

အခု Slide Show ကတော့ ဒါအမှတ်(၃၁၀)ခြေမြန်တပ်ရင်းရဲ့ ထောက်ခံချက် ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၊ ညနေ(၆)နာရီမှာ ဘာအကြောင်းကြောင့် ဘာကို မကျေနပ်မှန်း မသိဘဲ ရွာထဲမှာ သေနတ်(၄)ချက် ထောင်ပြီးဖောက်လို့ ရွာသားတွေ ကြောက်ကြပါတယ်။ ဘယ်သွားသွား အုပ်ချုပ်ရေးမှူး၊ ဦးဝင်းလှ ဟာ သေနတ်ကို ကျောလွယ်ပြီး သွားနေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီကိစ္စကတော့ ပြည်နယ်အစိုးရလောက်နဲ့ တင်ပြရုံနဲ့ မရနိုင်တော့ဘူး။ ပြည်ထဲရေးဝန်ကြီးထံ တိုက်ရိုက်တိုင်စာပို့တင်ပြမှ ဖြစ်တော့မယ်ဆိုပြီး ကျွန်တော် တင်ပြခဲ့ပါတယ်။ ကျွန်တော်တိုင်စာတင်ပြချက်မှာ ကျွန်တော်မှားရင် ကျွန်တော်ကို အရေးယူပါ။ ကျွန်တော့်တင်ပြချက် မှန်ရင်တော့ ဒီကိစ္စမှာ ဥပဒေနဲ့အညီ မဆောင်ရွက်ခဲ့သူများကို ထိထိရောက်ရောက် အရေးယူ အပြစ်ပေးဖို့ ကိုယ်တိုင်လက်မှတ်ရေးထိုး တိုင်ကြားပြီး လွှတ်တော်ကနေလည်း ယခုလို မေးခွန်း မေးခဲ့ရခြင်း ဖြစ်ပါတယ်။

ဘားအံမြို့နယ်အတွင်းမှာ မြို့နယ်အုပ်ချုပ်ရေးမှူးများ လိုလားသူ မဟုတ်ရင် ဥပဒေနဲ့အညီ ရွေးလဲ မခန့်ပါဘူး။ ဥပမာပြောရရင် ဖားကပ်ကျေးရွာအုပ်စုကိစ္စ ဖြစ်ပါတယ်။ ဖားကပ်ကျေးရွာ အုပ်စုက မနေ့ကပဲ ကျွန်တော့်ဆီကို တိုင်ကြားစာ ပို့ပါတယ်။ ဒီတိုင်ကြားစာမှာ ဥက္ကဋ္ဌကြီးဆီကို လည်း ဒီတိုင်ကြားစာ တစ်စောင်ပို့ထားတယ်ဆိုပြီးတော့မှ ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီလိုပဲ

ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးမှူးများ လိုလားသူ ဆိုရင်တော့ ဥပဒေနဲ့ မညီရင်လည်း ခန့်အပ်ပါတယ်။ အဲဒါ ကတော့ ကျွန်တော်တို့ ကျုံဖဲကျေးရွာကိစ္စ ဖြစ်ပါတယ်။ ကျုံဖဲကျေးရွာက တိုင်စာ(၃)စောင်၊ ခရိုင် အုပ်ချုပ်ရေးမှူးထံ လိပ်မူပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဝန်ကြီးချုပ်ကို လိပ်မူပြီးတော့မှ (၃)စောင် တိုင်ကြားထားတာ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ဖဲကတာအုပ်ချုပ်ရေးမှူးကို ခန့်အပ်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော့်ထံမှာ တိုင်ကြားထားတဲ့ ရွာများကတော့ ဖဲကတာကျေးရွာ၊ ဖားကပ်ကျေးရွာ၊ ခရားအတွင်းကျေးရွာ၊ ထုံးအိုင်ကျေးရွာတို့ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ တိုင်ကြားစာအချို့ကို လွှတ်တော် ဥက္ကဋ္ဌကြီးများထံလည်း ပို့ထားကြောင်းသိရပါတယ်။

အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားပေးပြီးရင်တောင် အုပ်ချုပ်ရေးမှူးဟာ ဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စလုပ်ရင် သူ့ကို အရေးယူပြီး အုပ်ချုပ်ရေးမှူးရာထူးက ရပ်စဲခဲ့ရင် ဒုတိယမဲအများဆုံး ရသူကို ခေတ္တအုပ်ချုပ်ရေးမှူး အဖြစ်ခန့်ထားပြီး ရက်ပေါင်း(၃၀)အတွင်း အုပ်ချုပ်ရေးမှူးအသစ် ပြန်ရွေးရမယ်ဆိုတာ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ယခုအချိန်အထိ အုပ်ချုပ်ရေးမှူး အသစ် ပြန်မရွေးဘဲထားလို့ ကရင်ပြည်နယ်ထဲမှာ၊ ကျွန်တော်တို့ ဘားအံမြို့နယ်ထဲမှာ အုပ်ချုပ်ရေးမှူး ယခင် အဟောင်းများနဲ့ပဲ ဆက်လုပ်နေတဲ့ ရွာအတော်များများ ရှိပါတယ်။ ပြည်သူတွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေပါတယ်။ အဲဒီအပြင် ၂၀၁၃ ခုနှစ်၊ မေလအတွင်း ပြုလုပ်ခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ သင်တန်းမှာ ကရင်ပြည်နယ် ကော်မရှင် အတွင်းရေးမှူး ဖြစ်တဲ့ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်နီလာညွှန့် က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွှန့် ဟာ ကျုံဖဲကျေးရွာ အုပ်ချုပ်ရေးမှူးကိစ္စကို မမှန်မကန် တိုင်ကြားတယ်လို့ ပြောသွားတဲ့ အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျွန်တော့်ထံ လာပြန်ပြောကြပါတယ်။ ကျွန်တော့် တိုင်စာမှာ ပါပါတယ်။ မမှန်မကန် တိုင်ကြားတာဆိုရင် ကျွန်တော့်ကို အရေးယူပါလို့၊ အရေးမယူဘဲ ဘာကြောင့် အခုလို မြို့နယ်တစ်ခုလုံးက အုပ်ချုပ်ရေးမှူးများပါတဲ့ သင်တန်းမှာ ယခုလို ပြောတယ် ဆိုတာကို ကျွန်တော်နားမလည်ပါဘူး။ တစ်နိုင်ငံလုံးကျေးရွာ အုပ်စုပေါင်း(၆၀၀၀၀)ကျော်ရှိပါတယ်။ ကရင်ပြည်နယ်တစ်ခုလုံး ကျေးရွာအုပ်စု(၁၃၇၇၂)အုပ်စုနဲ့ ဘားအံမြို့နယ်ကျေးရွာအုပ်စု (၉၇)အုပ်စု ရှိတဲ့အနက် ကျုံဖဲကိစ္စကိုသာ အဓိကထားတင်ပြရတာ အပြန်အလှန် ထိန်းကျောင်းချင်တဲ့သဘောနဲ့ ပြည်သူတွေရဲ့ ဥပဒေနဲ့အညီ ရွေးချယ်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်ကို ရစေချင်လို့ ဖြစ်ပါတယ်။

ဒါကြောင့် အောက်ပါမေးခွန်းကို ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးခန့်ထားရာတွင် (၁) ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်း၍ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များဖြစ်သော အခန်း(၂)၊ (၃)၊ (၄)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ မြို့နယ်အုပ်ချုပ်ရေးမှူးက တိုက်ရိုက်ခန့်ထားခဲ့သည်ကို သိပါသလား။ ထိုသို့ ခန့်ထားခဲ့ခြင်းသည် သာမန် မှားယွင်းခြင်းလား၊ အဂတိလိုက်စားပြီး မှားယွင်း တာလား၊ ထိုမှားယွင်းမှုအတွက် ဘယ်လိုအရေးယူဆောင်ရွက်ထားရှိပါသလဲ။ အလားတူ အမှားအယွင်း များကြောင့် တိုင်ကြားထားသည့် အခြားကျေးရွာအုပ်စုများ (ဥပမာ - ဖဲကတာကျေးရွာအုပ်စု) အပေါ်

ဘယ်လို အရေးယူဆောင်ရွက်ထားပါသလဲလို့ ကျွန်တော် ကရင်ပြည်နယ်သူ/ ပြည်နယ်သားများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ဖြစ်ပါတယ်။

ကရင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးအပ် ဆောင်ရွက်ရာမှာ ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူးဟာ အခန်း(၂)၊ နည်းဥပဒေ ၃ အရ အများကြည်ညို လေးစားပြီး၊ သြဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်ပြီး ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက် ရပြီး၊ ကြီးကြပ်ရေးအဖွဲ့ကတော့ နည်းဥပဒေ ၅၊ နည်းဥပဒေ ၆၊ နည်းဥပဒေ ၇၊ နည်းဥပဒေ ၈၊ နည်းဥပဒေ ၉၊ နည်းဥပဒေ ၁၀ တို့နဲ့အညီ ဆယ်အိမ်စု စုဖွဲ့ခြင်း၊ ဆယ်အိမ်စု ကိုယ်စားလှယ် ရွေးချယ်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖြစ်ခန့်အပ် တာဝန်ပေးရန် ဆန္ဒမဲ ရွေးချယ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်အမည်စာရင်းကို ပြုစုခြင်း၊ နောက်ပုံစံ(က)၊ (ခ)၊ (ဂ)တို့နဲ့ ဆောင်ရွက်ပြီးတော့ ဆန္ဒမဲ အများဆုံးရရှိတဲ့ ပုဂ္ဂိုလ်ရဲ့အမည်စာရင်းကို ပုံစံ(ဃ)ဖြင့် ပြုစုပြီးတော့ ကိုယ်ရေးအချက်အလက်နဲ့အတူ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူးဟာ ကြီးကြပ်ရေးအဖွဲ့က တင်ပြလာတဲ့ ပုဂ္ဂိုလ်ရဲ့ အမည်စာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး နည်းဥပဒေ(၁၁)နှင့်အညီ ဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးတော့ ခရိုင်အုပ်ချုပ်ရေးမှူးထံကို ဆက်လက်ပြီး တင်ပြ ဆောင်ရွက်ရပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းနဲ့ ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်တဲ့ လုပ်ငန်းတာဝန်များဟာ အများကြည်ညိုလေးစားပြီး၊ သြဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်ပြီးတော့ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ရေး အဖွဲ့က တင်ပြလာမှုကို နည်းဥပဒေ ၁၁ နှင့်အညီ ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးတော့ ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြရတဲ့ ခန့်အပ်တာဝန် ပေးအပ်ခြင်းများကို ဆောင်ရွက် ရတာ ဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ကြီးကြပ်ရေးအဖွဲ့ကတော့ ဆယ်အိမ်စု စုဖွဲ့တာတွေ၊ ဆယ်အိမ်စု ကိုယ်စားလှယ် ရွေးချယ်တာတွေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးမယ့် ပုဂ္ဂိုလ်စာရင်း ပြုစုခြင်း စတဲ့ ရွေးချယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရတဲ့အတွက် ကြီးကြပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်ဟာ များပြားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ယခုအချိန်မှာ လွှတ်တော်နှစ်ရပ်လုံးကနေပြီးတော့ ပြင်ဆင် အတည်ပြုချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၃၊ ၅(က)၊ ၆၊ ၁၉(က)၊ ၆၊ ၇၊ ၈၊ ၂၈ နဲ့ ၂၉၊ ၃၀ ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး နည်းဥပဒေ ၃ ကို မြို့နယ် အုပ်ချုပ်ရေးမှူးအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာမှာ ကြီးကြပ်နိုင်ရေး အတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော အများကြည်ညိုလေးစားပြီး၊ သြဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ(၅)ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုစီအတွက် အများဆန္ဒနဲ့အညီ ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်ဟု ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ ဒီ ကြီးကြပ်ရေးအဖွဲ့ (၅)ဦးကို ရွေးချယ်တဲ့အခါမှာလည်း အများဆန္ဒနဲ့အညီ ရွေးချယ်ဖို့ ဒါပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြု ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အတည်ပြုရေးဆွဲဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်ထားခြင်းနဲ့ပတ်သက်လို့ ကရင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် က ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက် ရက်စွဲပါစာအမှတ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ လိပ်မူပြီးတော့၊ ပြည်နယ်ဝန်ကြီးချုပ်ထံ မိတ္တူပေးပြီးတော့ တိုင်ကြားလာခဲ့ ပါတယ်။ ဒီတိုင်ကြားစာအပေါ်ကို ပြည်ထောင်စုဝန်ကြီးက စိစစ်ဆောင်ရွက်ဖို့အတွက်ကို ဆောင်ရွက်တဲ့ အခါမှာ ကျုံဖဲကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားရာမှာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်သူ ကနေပြီးတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ တာဝန်ပေးအပ်ခဲ့တဲ့ ကြီးကြပ်ရေးမှူးအဖွဲ့ဟာ ကျုံဖဲကျေးရွာအုပ်စုမှာရှိတဲ့ အိမ်ခြေ(၇၃၄)အိမ်စုစာရင်းကို ရယူပြီးတော့ ဆယ်အိမ်စု(၇၃)စု ဖွဲ့စည်းပေးအပ်ရမယ့်အစား (၅၄)စုသာ ဖွဲ့စည်းပေးထားကြောင်း တွေ့ရှိရတဲ့ အတွက် ဆယ်အိမ်စု ဖွဲ့စည်းရေးကို ဆောင်ရွက်ရတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၅ နဲ့ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ရတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၆ တို့အရ ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျုံဖဲကျေးရွာအုပ်စုအတွက် ခန့်အပ်ထားတဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေအခန်း(၂)၊ နည်းဥပဒေ ၅၊ ၆ တို့နဲ့အညီ ဆယ်အိမ်စုဖွဲ့စည်းပြီး ရွေးချယ်ခန့်အပ်သူ မဟုတ်ကြောင်း၊ ကရင်ပြည်နယ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ စိစစ်တွေ့ရှိရတဲ့အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ကြီးကြပ်ရေးအဖွဲ့ကို ဖျက်သိမ်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကြီးကြပ်ရေးအဖွဲ့ရဲ့ ဆောင်ရွက်မှုဟာ အဂတိလိုက်စားမှု မရှိဘဲ၊ သာမန် မှားယွင်းမှုသာဖြစ်လို့ ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကနေပြီးတော့ လုပ်ထုံးလုပ် နည်းနဲ့အညီ ထပ်မံရွေးချယ်ရေးအတွက်ကို ဆောင်ရွက်လျက် ရှိပါတယ်။ ကြီးကြပ်ရေးအဖွဲ့အသစ်ကို

ပြန်လည်ရွေးချယ်ရေးကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားချက်အရ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးဟာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာ ကျုံဖဲကျေးရွာအုပ်စုကို ကွင်းဆင်းပြီးတော့ ဥပဒေနဲ့အညီ ရပ်မိရပ်ဖ(၅)ဦး ပါဝင်တဲ့ ကြီးကြပ်ရေးအဖွဲ့အသစ်ကို ပြန်လည်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါတယ်။ သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အသစ်ဖွဲ့စည်းထားတဲ့ ကြီးကြပ်ရေးမှူးအဖွဲ့ဟာ ဆယ်အိမ်စုများ ဖွဲ့စည်းခြင်း၊ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်ထားခြင်းနဲ့ ပတ်သက်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တိုက်ရိုက်ခန့်ထားခြင်း အဂတိလိုက်စားခြင်းများ မရှိဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ အခန်း(၂)၊ နည်းဥပဒေ ၃ တို့အရ တာဝန်ပေးအပ်တဲ့ ကြီးကြပ်မှုအဖွဲ့ရဲ့ တင်ပြလာမှုအပေါ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအပေါ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ကိုက်ညီမှု ရှိ/ မရှိ စစ်ဆေးခြင်းငှာ ဆောင်ရွက်ခဲ့လို့ မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်မှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အလားတူ ဘားအံမြို့နယ် ဖဲကတာကျေးရွာအုပ်စုမှာ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးကို ဥပဒေ၊ နည်းဥပဒေနဲ့အညီ ရွေးချယ်ခန့်ထားပြီးမှ ကန့်ကွက်တင်ပြမှုများ ရှိလာတဲ့အတွက် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ဘားအံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ကွင်းဆင်းစိစစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို စစ်ဆေးတဲ့အခါမှာ ကြီးကြပ်ရေးအဖွဲ့ဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနဲ့ ကျေးရွာမှာရှိတဲ့ လူအနည်းစုဟာ ၎င်းတို့ရဲ့ အလိုမကျမှုအပေါ် အခြေခံပြီး အများဆန္ဒနဲ့အညီ ရွေးချယ်ထားမှုကို ကန့်ကွက်တင်ပြခြင်းသာဖြစ်ကြောင်း၊ ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စိစစ်တင်ပြချက် အရ သိရှိရ ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အရည်အချင်းနဲ့ ကိုက်ညီတဲ့ လက်ရှိရွေးချယ် ခန့်ထားသူသာ ဖဲကတာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးအပ်ခဲ့ပါကြောင်းနဲ့ အလားတူ တိုင်ကြားမှုများ ရှိလာမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ စီမံခန့်ခွဲမှုနဲ့အညီ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများမှ ကွင်းဆင်းစိစစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော် နည်းနည်းလေး ထပ်ပြီးတော့ ဖဲကတာကိစ္စနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ ဖဲကတာ ကိစ္စမှာ ရွေးချယ်ခန့်ထားရေးအဖွဲ့(၅)ဦးမှာ (၃)ဦးက သူတို့ဆောင်ရွက်ချက်ကို သူတို့ လုပ်တဲ့အခါမှာ (၂)ဦးက သဘောမတူပါဘူး။ (၂)ဦး သဘောမတူတဲ့အချိန်မှာ (၁)ဦးကနေပြီးတော့မှ (၃)ဦးက သဘောတူပြီး ဖြစ်တဲ့အတွက် ငါလည်း သဘောတူရတော့မယ်ဆိုပြီးတော့ သဘောတူပေးခဲ့ပေမယ့် နောက်ဆုံးတစ်ဦးက သဘောလည်း မတူဘူး။ လက်မှတ်လည်း မထိုးပါဘူး။ အဲဒီလို မထိုးတဲ့အတွက် အခု ဒုတိယဝန်ကြီး တင်ပြသွားတဲ့ အပေါ်မှာ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်တယ်ဆိုရင် (၅)ဦးစလုံး လက်မှတ်ထိုးထားပါသလား ဆိုတာ ကျွန်တော် မေးမြန်းချင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဒါကတော့ ခုန ကျွန်တော် တင်ပြတာတော့ ကျွန်တော်တို့ ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တိုင်ကြားချက်ပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဌာနဝန်ကြီး ကနေပြီးတော့ သက်ဆိုင်ရာ ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စိစစ်ဆောင်ရွက်ဖို့အတွက် တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီလို ခုလို ပြန်လည်တင်ပြတာကတော့ သူတို့ရဲ့ စိစစ်ဆောင်ရွက်ချက်အပေါ် တင်ပြတာဖြစ်တဲ့အတွက် ကျွန်တော်တို့ကတော့ အခု လက်ရှိအခြေအနေအတိုင်းပဲ ဥပဒေနဲ့အညီ ရွေးချယ်ထားတဲ့ပုဂ္ဂိုလ်ပဲ ဆက်လက် တာဝန်ပေးအပ်တာ ဖြစ်ပါတယ်။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံတင်ပြတဲ့ ကြီးကြပ်ရေး ကော်မတီ(၅)ဦးကနေပြီးတော့ (၃)ဦးက သဘောတူတယ်။ (၂)ဦးက သဘောမတူဘူး။ ဒီမှာမှ (၁)ဦးကနေ ထပ်မံသဘောမတူဘူး။ လက်မှတ်မထိုးတာ ဆိုတာကတော့ ဒါ ကျွန်တော်တို့ ပြန်လည်စိစစ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ ပြန်လည်တင်ပြပါမယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ခေါင်မိုးသွပ်ပြားများနှင့် မျက်နှာကြက်များ ယိုယွင်းပျက်စီးနေသော စာသင်ဆောင် (၅)ဆောင်အား အသစ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅**။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ခေါင်မိုးသွပ်ပြားများနှင့် မျက်နှာကြက်များ ယိုယွင်းပျက်စီးနေသော စာသင်ဆောင် (၅) ဆောင်အား အသစ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅**။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းမယ့်ကိစ္စကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းရှိ သွပ်မိုးပြားများ မျက်နှာကြက်များဟာ နှစ်ကာလ ကြာမြင့်စွာ ယိုယွင်းပျက်စီးနေတဲ့အတွက်ကြောင့် ဒီဟာကို အသစ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ကို သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးဖို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ပေ ၁၅၀ x ပေ ၃၀ စာသင်ဆောင်တစ်ဆောင်၊ ၁၂၀ ပေ x ၃၀ ပေ စာသင်ဆောင်(၂)ဆောင်၊ ၁၁၀ ပေ x ၄၀ ပေ စာသင်ဆောင်တစ်ဆောင်နဲ့ ၃၀ ပေ x ၃၀ ပေ စာသင်ဆောင်(၁)ဆောင် စုစုပေါင်း စာသင်ဆောင်(၅)ဆောင်တို့ဟာ နှစ်ကာလကြာမြင့်နေပြီဖြစ်၍ ခေါင်မိုးသွပ်ပြားများနှင့် မျက်နှာကြက်များ ပျက်စီးယိုယွင်းနေတဲ့အတွက် မိုးရာသီတွင် ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရာ၌ အလွန်အခက်အခဲနဲ့ ကြုံတွေ့နေကြရပါတယ်။ ဒီလို ပျက်စီး

ယိုယွင်းနေတဲ့ ခေါင်မိုးသွပ်ပြားများနဲ့ မျက်နှာကြက်များကို အသစ်ပြုပြင်ပေးဖို့အတွက် ကျောင်းအုပ်ဆရာကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က ၂၃-၂-၂၀၁၂ ရက်နေ့မှစ၍ တင်ပြလျှောက်ထားခဲ့ကြသော်လည်း ယနေ့အထိ ပြုပြင်ပေးခြင်း မရှိသေးပါ။ မာန်အောင်မြို့နယ်ဟာ မာန်အောင်ကျွန်းမှာ တည်ရှိပြီး လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲတဲ့မြို့နယ် ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးရုံး၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၁/၂၀၁၂ နဲ့ ထုတ်ပြန်တဲ့ ဝေးလံခေါင်သီမြို့နယ် (၈၇)မြို့နယ်မှာ တစ်မြို့နယ်အပါအဝင် ဖြစ်ပါတယ်။ ဒီမြို့နယ်မှာရှိတဲ့ ပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုတို့အတွက် အထူးဦးစားပေး ဆောင်ရွက်ပေးသင့်တဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ သွပ်ပြားများနှင့် မျက်နှာကြက်များ ယိုယွင်းပျက်စီးနေသော စာသင်ဆောင်(၅)ဆောင်အား အသစ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးပါမည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၇။**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ရိုသေ လေးစားပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ကိုယ်စားကျွန်တော် ဒုဝန်ကြီး၊ ဦးအေးကြူ က ရှင်းလင်းတင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ခေါင်မိုးသွပ်ပြားများနှင့် မျက်နှာကြက်များ ယိုယွင်းပျက်စီးနေသော စာသင်ဆောင် (၅)ဆောင်အား အသစ်ပြုပြင်ပေးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်မှ ရန်ပုံငွေ ခွဲဝေချထားပေးမည် ဖြစ်ပါကြောင်း စာဖြင့် ၁၉ ရက် ၅ လ ၂၀၁၃ နေ့တွင် တင်ပြဖြေကြားပြီး ဖြစ်ပါတယ်။ ထပ်မံစိစစ်၍ အဆောင်(၅)ဆောင်၊ အဆောင်အမှတ်(၂)၊ (၃)၊ (၄)၊ (၅)နဲ့ သိပ္ပံခန်းတို့ရဲ့ အမိုးပိုင်းပြင်ဆင်ရန်အတွက် ပစ္စည်းဖိုးနဲ့ လုပ်အားခရန်ပုံငွေ ကျပ်(၇၀.၉၈၈)သိန်းကို ခွဲဝေပေးပြီး လုပ်ငန်းဆောင်ရွက်ရာမှာ ကျောင်းအစီအစဉ်ဖြင့် ဆောင်ရွက်ရန်အကြောင်းကြားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ခင်ဗျားနဲ့ ကျွန်တော် သွားခဲ့တဲ့ ဘုရားကလေးကျေးရွာ အဆောင်(၂)ဆောင်၊ ကျွန်တော် အဲဒီမှာ ဒီနှစ် ဆောက်ဖို့ဆိုပြီးတော့ တောင်းခံထားတာတွေ ရှိပါတယ်။ (၂)ဆောင် ဆောက်မယ်။

## စွယ်စုံကျမ်း အတွဲ(၁)ပါ ကနောင်မင်း အတ္ထုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပြင်ဆင်ဖော်ပြပေး နိုင်ခြင်း ရှိ/မရှိ သိရှိလိုသည့် မေးခွန်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က စွယ်စုံကျမ်းအတွဲ(၁)ပါ ကနောင်မင်းအတ္ထုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်တွင် ပြင်ဆင်ဖော်ပြ ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)ပါ ကနောင်မင်းအတ္ထုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှာ ပြင်ဆင်ဖော်ပြပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဝင်တန်း ဒသမတန်း ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ကို (၁၈)ပုဒ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ (၁၂)ပုဒ်မြောက်မှာ အိမ်ရှေ့ကိုယ်တော်ကြီးဆိုပြီးတော့ နေသူရိန် ရဲ့ ကလောင်အမည် နေသူရိန် မဟာဆွေရေးတဲ့ မကြောက်တရား ဝတ္ထုကနေ ထုတ်နုတ်ပြီး ပြဋ္ဌာန်း ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဆက်လက်ပြီးတော့ လေ့လာချင်တဲ့ ဝါသနာရှင်တွေ၊ ပညာရှင်တွေ၊ သုတေသီတွေအတွက် ဒီစွယ်စုံကျမ်းဟာ မရှိမဖြစ်ပေါ့နော်။ ကျွန်တော်တို့ လေ့လာရမှာဖြစ်တဲ့အတွက် ဒီကွဲလွဲချက်များကို တင်ပြရခြင်း ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)ဟာ ၁၉၅၄ ခုနှစ်က စတင်ထုတ်ဝေခဲ့တာ ဖြစ်တဲ့အတွက် ပြင်ဆင်ခွင့်ရမယ်ဆိုရင် အခု ၂၀၁၄ ဟာ နှစ်(၆၀)ပြည့်နဲ့ တိုက်ဆိုင်နေတဲ့အတွက်လည်း ဒါ တင်ပြရခြင်း ဖြစ်ပါတယ်။ သမိုင်းပညာရှင်တစ်ဦးကတော့ ၁၉၇၂ ခုနှစ်မှာ ပြင်ဆင်ပြီး ဖြစ်တယ်လို့ သိရပေမယ့် ကျွန်တော်တို့ ရှာဖွေတာ မတွေ့ရှိတဲ့အတွက်လည်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၄၉ မှာ ကနောင်မင်းသား ၁၁၈၁-၁၂၁၈ အစား ၁၁၈၁- ၁၂၂၈ လို့ ကျွန်တော်တို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၅၀ မှာတော့ ကျွန်တော်တို့ သက္ကရာဇ် ၁၂၁၈ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့အစား ၁၂၂၈ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်လို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ တစ်ဖန် ၁၈၆၆ ဇွန်လ ၁၈ ရက်နေ့အစား ၁၈၆၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့လို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအရာဖြစ်စဉ်များကို ဆက်လက်ပြီး တင်ပြပါမယ်။ ကနောင် မင်းသားဟာ သက္ကရာဇ် ၁၁၈၁ ခု တော်သလင်းလပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ ဖွားစဉ် မီးနေဆောင်သို့မရောက်မီ တောင်ဆောင်၌ ဖွားမြင်သဖြင့် ခမည်းတော်က မောင်တောင်မင်းဟု ကိုယ်တိုင်မှည့်ခေါ်ခဲ့၏ လို့ ဖော်ပြထားခဲ့ပါတယ်။ အမှန်မှာ ကနောင်မင်းကို ဖွားမြင်တဲ့ မြန်မာ

သက္ကရာဇ် ၁၁၈၁ ခုနှစ်ဟာ သာယာဝတီမင်းသားဟာ လွှတ်တော်မင်းသားကြီးအဆင့်သာ ဖြစ်ပြီးတော့ မင်းဧကရာဇ်ကို ရောက်ရှိခြင်း မရှိသေးပါဘူး။ ကျွန်တော်တို့ ဒီကုန်းဘောင်ခေတ်ဟာ နှစ်ပေါင်း (၁၃၂)နှစ် ကြာပါတယ်။ ဥညြအော်မြည် ကုန်းဘောင်တည် ဆိုတဲ့စကားအရ ၁၁၁၅ ခုနှစ်မှာ ကျွန်တော်တို့ စတင်ခဲ့တဲ့ ကုန်းဘောင်ခေတ်ဟာ ကျွန်တော်တို့ ဘိုးတော်ဘုရားနတ်ပြည်စံတဲ့ ၁၁၈၁ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့ကို ဒါ ကုန်းဘောင်ခေတ်ရဲ့ မွန်းတည့်ချိန်လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ နှစ်ပေါင်း(၆၆)နှစ် ကြာပါတယ်။ အဲဒီနှစ် နယုန်လဆန်း ၁၅ ရက်နေ့မှာ နန်းတက်တဲ့ ကျွန်တော်တို့ ဘကြီးတော် စစ်ကိုင်းမင်း ကနေပြီးတော့ ကျွန်တော်တို့ ဦးခေါင်းလိမ်ထုတ် မင်းဆက်ပြုတ် ဆိုတဲ့ ၁၂၄၇ ခုနှစ်ထိကို နှစ်ပေါင်း(၆၆)နှစ် ကြာပါတယ်။

ဒါကြောင့် ဒီ သက္ကရာဇ် ၁၁၈၁ ခုနှစ်ဟာ ထူးခြားတဲ့နှစ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဘိုးတော်မင်းတရား နတ်ပြည်စံတယ်။ ဘကြီးတော်မင်းတရား နန်းတက်တယ်။ အလားတူပဲ အဲဒီနှစ်မှာ ကနောင်မင်းကို ဖွားမြင်တာ ဖြစ်ပါတယ်။ တကယ်တော့ သာယာဝတီမင်းဟာ ၁၁၉၉ခု ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ ၃၀ ဧပြီ ၁၈၃၇ ခုနှစ်မှသာ မင်းဧကရာဇ်အဖြစ်ကို ရောက်ရှိခြင်း ဖြစ်ပါတယ်။ တစ်ဖန် မင်းတုန်းမင်းနဲ့ ကနောင်မင်းတို့ရဲ့ မယ်တော် ပဒေသာ တိုက်စားကို ၁၁၉၉ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၃၁ မေ ၁၈၃၇ မှာ ကျောက်မော်မြို့ကို သနားတော်မူပြီး တောင်ဆောင်တော် မိဖုရားအရာ၌ထားရှိ ချီးမြှောက်တော်မူကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲကနေ ပြဆိုပါတယ်။ နောင် မြန်အောင်မြို့ကိုပါ မြို့စားပေးခဲ့ပါတယ်။ ခမည်းတော် သာယာဝတီမင်း မင်းအဖြစ်ကို ရောက်ရှိချိန်မှာ ကနောင်မင်းက သက်တော်(၁၈)နှစ် ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျမ်းမှာ ဖော်ပြတဲ့ မယ်တော်စံတော်မူရင်း တောင်ဆောင်တော်မှာ ဖွားမြင်တော်မူတဲ့အချက်၊ တောင်ဆောင်တော်မှာ ဖွားမြင်ရတဲ့အတွက် မောင်တောင်မင်း လို့ ငယ်မည်ရတဲ့ အချက်တွေဟာ ခိုင်လုံမှန်ကန်မှု ရှိတယ်လို့ မယူဆနိုင်ပါဘူး။ ထိပ်တင်မြတ် ရေးသားတဲ့ ကုန်းဘောင်သာရဒီပနီပထမတွဲမှာ ကနောင်မင်းရဲ့ငယ်မည်ဟာ မောင်ကောက် ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ဆက်လက်ပြီး မင်းသားလတ်အဆင့်မှာ မင်းတပ်မြို့ကို စားခဲ့ပြီးနောက် နောင်တော် ပုဂံမင်း ထီးနန်းဆက်ခံတော်မူသောအခါ ကနောင်မြို့ကို စားရသည်လို့ ဖော်ပြထားပါတယ်။ ဒီအချက်ကို ဆွေးနွေးတင်ပြရမယ်ဆိုရင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၃၇၃ မှာ သားတော် မြို့ဝှန်းတိုက်စား မင်းရဲဇေယ ကို မင်းတုန်းမြို့ကို အသုံးကံကျွေးခံ ပေးတော်မူသည်။ သားတော် မြို့မတိုက်စားမင်းသားကို ပန်းထိမ်းမြို့ သားတော်မောင်တုတ်ကို တလုတ်မြော်မြို့၊ သားတော် မောင်ထောင်း ကို မင်းတပ်မြို့ကို မြို့စားပေးတော်မူသည်ဟု ဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ကနောင်မင်းဟာ မြို့မတိုက်စားကနေ ပန်းထိမ်းမြို့စား ဖြစ်လာပါတယ်။ ဘယ်သောအခါမှ မင်းတပ်မြို့စား မဖြစ်ခဲ့ရပါဘူး။ သားတော် မောင်ထောင်းကို မင်းတပ်မြို့စား ပေးတော်မူသည် ဆိုသည့် အချက်အရ မောင်ထောင်း ဟာ သာယာဝတီမင်းနဲ့ ထိုင်းလူမျိုး ကိုယ်လုပ်တော် နွမ်အီပူ တို့ရဲ့ သားတော် ဖြစ်ပါတယ်။ ပထမ မင်းတပ်မြို့၊ ဒုတိယ လှိုင်မြို့ကို စားရတဲ့ မင်းသား ဖြစ်ပါတယ်။

ဒီအချက်တွေကတော့ ကျွန်တော်တို့ နဂါးဗိုလ်ထိပ်တင်ထွေး ရေးသားပြုစုတဲ့ ရတနာသိင်္ခ ကုန်းဘောင်ရာဇဝင် အကျဉ်းမှာပါရှိတဲ့ မင်းတုန်းမင်းနဲ့ ညီတော်ကနောင်မင်း အမရပူရမြို့တော်ကို လုပ်ကြံတိုက်ခိုက်တော်မူခန်းမှာ ပုဂံမင်းတရားကြီးရဲ့ညီတော် အိမ်ရှေ့ဥပရာဇာ ချီတက်တိုက်ခိုက်ခြင်း ဆိုတဲ့ ခေါင်းစဉ်ရဲ့အောက်မှာ ပုဂံမင်းရဲ့ညီတော် လှိုင်မြို့စား သီရိမဟာဓမ္မရာဇာ အိမ်ရှေ့မင်း ဆိုပြီး အရိပ်အမြွက် ဖော်ပြထားပါတယ်။ ဒီတိုက်ပွဲမှာပဲ လှိုင်မင်းသားဟာ အမရပူရမြို့နန္ဒပူတံခါးနားမှာ ပြောင်းသေနတ် ကျည်သင့်ပြီး ကျဆုံးခဲ့တာ ဖြစ်ပါတယ်။ မင်းတုန်းမင်းက ရွှေဘိုမြို့ကို အောင်နိုင်ပြီးတဲ့အချိန်ကစပြီး နောင်တော် ပုဂံမင်းတရားကြီးနဲ့ ထီးပြိုင်နန်းပြိုင် မင်းဧကရာဇ်အဖြစ်ကို ရောက်ရှိတာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ညီတော် ကနောင်မင်းကို အိမ်ရှေ့မင်း၊ အမရပူရနန်းစံ ပုဂံမင်းတရားကြီးရဲ့ညီတော် အိမ်ရှေ့ဥပရာဇာ လှိုင်မင်းကို အတွင်းအိမ်ရှေ့မင်း ဆိုပြီးတော့ ခွဲခြားဖော်ပြခဲ့ပါတယ်။ ဒီအိမ်ရှေ့မင်းနှစ်ပါးရဲ့ အကြောင်းအရာ ရောထွေးနေတာဟာ အဲဒီအခါက စာပေအရှိန်အဝါကြီးတဲ့ ဆရာအောင် ရေးသားပြုစုတဲ့ အိမ်ရှေ့ဘုရား အတ္ထုပ္ပတ္တိကို နဂါးဗိုလ်ထိပ်တင်ထွေး က ဆရာအောင် ရဲ့ ပညာဂုဏ်ကို လေးစားမိတဲ့အတွက် ဆရာအောင် ပေးတဲ့ အချက်အလက် တွေကို ရတနာသိင်္ခ ကုန်းဘောင်ရာဇဝင်အကျဉ်းမှာ လက်ခံသုံးစွဲမိပါတယ်။ ဒီအကြောင်းခြင်းရာများဟာ ဤရွေ့ဤမျှနဲ့ မပြီးပြတ်ဘဲနဲ့ စာပေဗိမာန်ထုတ် စွယ်စုံကျမ်းကို ခိုင်ခိုင်မာမာ ကျမ်းတွဲကြီးမှာ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

ဒီစာရေးဆရာ နဂါးဗိုလ်ထိပ်တင်ထွေး ဆိုတာကတော့ ပညာရေးအရာရှိ ဖြစ်ပါတယ်။ နဂါးဗိုလ်မင်းသားရဲ့စတုတ္ထသားဖြစ်ပြီးတော့ ၎င်းရဲ့ဖခင်ကတော့ကနောင်မင်းသားရဲ့ သားတော်ကြီး ပန်းထိမ်းမင်းသား ဖြစ်ပြီးတော့ ၎င်းရဲ့ မယ်တော်ကတော့ မင်းတုန်းမင်းကြီး သမီးတော် ကနီထိပ်ခေါင်တင် ဖြစ်ပါတယ်။ နဂါးဗိုလ်ထိပ်တင်ထွေးရဲ့ သမီးတစ်ဦးကတော့ ကျွန်တော်တို့ကို စေ့စပ်လက်ထပ်ပေးခဲ့တဲ့ ရှေ့နေချုပ် ဦးသာထွန်း ရဲ့ဇနီး ဒေါ်ထိပ်တင်ညွန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ စာမျက်နှာ ၄၉ မှာ သာယာဝတီမင်းရဲ့ အနောက်နန်းမတော်တွင် ဖွားမြင်ပြီး သမီးတော် လှိုင်မြို့စား သီရိသုမြတ်စွာရတနာဒေဝီနှင့်လည်း ထိမ်းမြားလက်ဆက်ပေးသည်ဟု ဖော်ပြထားပါတယ်။ နန်းဓလေ့အရ ဧကရာဇ်မင်းများဟာ နန်းရမိဖုရားကြီး(၄)ပါး ရှိပါတယ်။ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးကိုသာ နန်းမတော် ခေါ်ရပါတယ်။ ကျန် မိဖုရားများဟာ မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရားနဲ့ အနောက်နန်းမိဖုရား ဆိုပြီးတော့ သုံးနှုန်းရမှာ ဖြစ်ပါတယ်။ စာမျက်နှာ(၅၀)ကတော့ ၁၉၈၆ ခုနှစ်မှာထုတ်တဲ့ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းအရ ကျွန်တော်တို့ ခေတ်မီဆိုတဲ့ စကားလုံးတွေမှာ ဟထိုး ပါနေတာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တဘောင်စကား ဆိုတာကတော့ ကျွန်တော်တို့ ပစောက်နဲ့ ပေါင်မှ ဒါ မှန်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကနောင်မင်းနဲ့ ဆက်နွယ်နေတဲ့ သမိုင်းအချက်အလက်များ အမှန်အကန် ဖြစ်ပေါ်လာစေရန်အတွက် အများပြည်သူ နောင်လာနောင်သားများ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၇။**

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)မှာ ခေတ်ဟောင်းကို တော်လှန်သော မြန်မာမင်းသားကြီး ခေါင်းစဥ်နဲ့ ကနောင်မင်းသားကြီးရဲ့ အတ္ထုပ္ပတ္တိကို ဖော်ပြခဲ့ပါတယ်။ အတွဲ(၁)၊ ပထမအကြိမ်ကို ၁၉၅၄ ခုနှစ်မှာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက စီစဉ်ပြီး အင်္ဂလန်နိုင်ငံမှာ ပုံနှိပ်ခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ စာအုပ်တွင် ကနောင်မင်းသားကြီး၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာမှာ မေးခွန်းပါ ကနောင်မင်းသားကြီးရဲ့ သက္ကရာဇ်ရက်စွဲများ လွဲမှား ဖော်ပြထားမှုပါရှိခဲ့ပါတယ်။ ၎င်းအချက်များကို ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းက စီစဉ်ပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ စာပေဗိမာန် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်တဲ့ ဒုတိယအကြိမ် ပုံနှိပ်ခြင်းမှာ အမှားပြင်ချက်အဖြစ် ယင်းစာအုပ်ရဲ့ စာမျက်နှာ ၅၃၃ နဲ့ ၅၃၄ တို့မှာ ဖော်ပြခဲ့ပါတယ်။ စာမျက်နှာ ၄၉ ဝဲဘက်ကော်လံပါ အကြောင်းအရာ ခေါင်းစီးတွင် ဖော်ပြထားတဲ့ ပြင်ဆင်ဖြည့်စွက်ရန် အချက်များကိုလည်း ပြင်ဆင်ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

၎င်းအပြင် အဆိုပါ အတွဲ(၁)မှာ ကနောင်မင်းသားကြီး ရဲ့ အတ္ထုပ္ပတ္တိ အကြောင်းအရာ ဖြစ်စဥ် ဖော်ပြထားမှုကို မြန်မာ့ရည်ညွှန်းကျမ်း စီစဥ်ရေးအဖွဲ့ဖြင့် စိစစ်ခဲ့ပါတယ်။ စိစစ်ချက်အရ ဖွားစဥ်က မီးနေဆောင်သို့ မရောက်မီ တောင်ဆောင်၌ဖွားမြင်သဖြင့် ခမည်းတော်က မောင်တောင်မင်း ဟု ကိုယ်တိုင်မှည့်ခေါ်ခဲ့၏ ဟူသော အချက်တွင် ဖြစ်စဥ်အမှန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြထားတဲ့အတိုင်း ကနောင်မင်းသား ဖွားမြင်တော်မူသော မြန်မာသက္ကရာဇ် ၁၁၈၁ တွင် သာယာဝတီမင်းသားသည် မင်းဧကရာဇ်အဖြစ် မရောက်ရှိသေးဘဲ လွှတ်တော်မင်းသားကြီးအဆင့်သာ ရှိသေးကြောင်း ခမည်းတော် သာယာဝတီမင်း အဖြစ်သို့ ရောက်ရှိချိန်တွင် ကနောင်မင်းသားကြီး သက်တော်(၁၈)နှစ်သို့ ရောက်ရှိနေပြီဖြစ်ရာ မင်းသား (၁၈)နှစ်အရွယ်တွင် မယ်တော်ဆောင်၌ မနေရကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ တောင်ဆောင်တော်၌ ဖွားမြင်သည်ဟူသော အချက်နှင့် မောင်တောင်မင်း ဟူသော ငယ်မည်ရသည်ဟူသည့် အထောက်အထား မရှိကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ ကနောင်မင်းသား မင်းသားလတ်အဆင့်တွင် မင်းတပ်မြို့ကို စားပြီးနောက် နောင်တော် ပုဂံမင်း ထီးနန်းဆက်ခံတော်မူသောအခါ ကနောင်မြို့ကို စားရသည် ဟူသောအချက်မှာ မှားယွင်း ကြောင်းနှင့် ဖြစ်စဥ်အမှန်မှာ ထောက်ပြထားသည့်အတိုင်း ကနောင်မင်းသားသည် မြို့မ တိုက်စားမှ ပန်းထိမ်းမြို့စား ဖြစ်လာကြောင်းနှင့် မည်သည့်အခါမှ မင်းတပ်မြို့စားမဖြစ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

သာယာဝတီမင်း၏ အနောက်နန်းမတော်တွင် မြင်သည့် သမီးတော် လှိုင်မြို့စား သီရိသုမြတ်စွာ ရတနာဒေဝီနှင့် ထိမ်းမြားလက်ဆက်ပေးသည် ဟူသောအချက်တွင် နန်းမတော်ဟု သုံးနှုန်းထားသောအချက်မှာ မှားယွင်းကြောင်းနှင့် ဖြစ်စဉ်အမှန်မှာ သမီးတော် လှိုင်မြို့စားနှင့် လက်ထပ်သည့်အချိန်တွင် မင်းတုန်းမင်းလက်ထက်တွင်ဖြစ်ပြီး ထောက်ပြထားသည့်အတိုင်း နန်းဓလေ့အရ ဧကရာဇ်မင်းများတွင် နန်းရမိဖုရားကြီး(၄)ပါးရှိပြီး အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ကိုသာ နန်းမတော်ဟု ခေါ်ရကြောင်း၊ ကျန်မိဖုရားများကို မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရားနှင့် အနောက်နန်း မိဖုရားဟုသာ သုံးနှုန်းရန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စာမျက်နှာ(၅၀)တွင် ခေတ်မှီနိုင်ငံတော် ထူထောင်ခြင်း၄ာ အစား ခေတ်မီနိုင်ငံ ထူထောင်ခြင်း၄ာ ဟု ပြင်ဆင်ဖော်ပြရန် ထောက်ပြသည်မှာ မှန်ကန်ပါကြောင်း၊ ထိုခေတ်ကာလ မြန်မာစာ အသုံးအနှုန်းအရ ခေတ်မှီ ဟု သုံးခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင်မူ မြန်မာစာလုံးပေါင်း သတ်ပုံများနှင့် ပတ်သက်၍ ၁၉၈၆ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီး ဌာန၊ မြန်မာစာ အဖွဲ့မှ စီစဉ်ပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ ဖိုတိုလစ်သို ပုံနှိပ်တိုက်တွင် ပထမအကြိမ် ရိုက်နှိပ်တဲ့ မြန်မာစာစာလုံးပေါင်း သတ်ပုံကျမ်းမှာ ခေတ်မီ ဟု ဖော်ပြ ထားကြောင်း တွေ့ရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို နှစ်စဉ်ထုတ်ဝေနိုင်ရေးအတွက် စာပေပညာရှင်၊ သမိုင်းပညာရှင်ကြီးများပါဝင်တဲ့ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြုစုခဲ့ပြီးသော ကျမ်းများမှာ လွဲမှားမှုရှိနေသေးကြောင်း မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့က လက်ခံထားပါတယ်။ ကျမ်းပြုစုရာတွင် မှားယွင်းမှုများနှင့် ပတ်သက်၍လည်း ထုတ်ဝေခြင်းမပြုမီ အဆင့်ဆင့်စိစစ်ပြီး အမှားပြင်ဆင်ချက်ကို စာအုပ်နှင့်တစ်ပါးတည်း တွဲလျက်ဖော်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)မှ အတွဲ(၁၅)အထိလည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ယနေ့အထိ နှစ်စဉ်ထုတ်ဝေခဲ့တဲ့ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်များတွင်လည်းကောင်း၊ ထပ်မံတွေ့ရှိရတဲ့ မှားယွင်းမှုများကိုလည်း အမှားပြင်ဆင်ချက်အဖြစ် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုလွှတ်တော် ကိုယ်စားလှယ်ကြီးက မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)ပါ အချက်အလက်များ မှားယွင်းမှုကို စိတ်ဝင်တစား ထောက်ပြပြုပြင်ပေးသည့် နည်းတူ သက်ဆိုင်ရာ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များအနေနဲ့လည်း ထုတ်ဝေခဲ့ပြီးဖြစ်တဲ့ မြန်မာ့စွယ်စုံကျမ်းနှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များ၌ တွေ့ရှိရသော မှားယွင်းရေးသားမှုများ၊ အချက်အလက် ကွဲလွဲမှုများကို ပြင်ဆင်နိုင်ရေးအတွက် ကျမ်းကိုးနှင့်တကွ ထောက်ပြ အကြံပြုပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ကနောင်မင်းသားကြီးနှင့် ဆက်နွယ်နေတဲ့ သမိုင်းအချက်အလက်များ အမှန်အတိုင်းဖြစ်စေရေးအတွက် ဆက်လက်ထုတ်ဝေမယ့် (မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်-၂၀၁၄) မှာ ကနောင်မင်းသား၏ နိုင်ငံတော်ပြုပြင်ရေး ကြိုးပမ်းချက် ဟူသော ခေါင်းစီးဖြင့် အတွဲ(၁)တွင် မှားယွင်းဖော်ပြထားမှုများကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ကနောင်မင်းသား အကြောင်းကို ကျွန်တော်တို့ ပြင်ဆင်ခွင့်ရရန် မေးခွန်း မေးခွင့်ပြုတဲ့အတွက်နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှလည်း ပြင်ဆင်ပေးမှာကို ဖြေကြားသွားတဲ့အတွက် အများကြီးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဝန်ကြီးဌာနက ကျွန်တော်တို့ မှားယွင်းတာ တွေကို ထောက်ပြပါဆိုတဲ့အချက်ကိုလည်း တင်ပြသွားတာကို ကြားလိုက်ရပါတယ်။ အဲဒါလေးကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံး သမ္မတသည် စဝ်ရွှေသိုက် ရဲ့ အဖေ၊ အမေများကတော့ ကျွန်တော်တို့ တကယ့်အမှန်ကတော့ အင်းတိန်မြို့စား စဝ်ချုံနဲ့ ဒေါ် နန်းဆာ ဖြစ်ပါတယ်။

သို့သော်လည်း ထုတ်ဝေပြီး စွယ်စုံကျမ်းများမှာတော့ ကျွန်တော်တို့ ညောင်ရွှေစော်ဘွားကြီး ကျွန်တော်တို့ ဆာစောမောင် ခေါ် ဆာစဝ်မောင် စသည်ဖြင့် ဖော်ပြထားသလို ၁၉၂၉ ခုနှစ်မှာ ခမည်းတော်ရဲ့ အရိုက်အရာကို ဆက်ခံတယ်လို့ ဒီလိုပဲ ဖော်ပြထားပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ ဖခင်ညီအစ်ကိုအရင်း ဖြစ်တဲ့အတွက် စော်ဘွားကြီးဟာ သားအဖြစ် မွေးစားပုံရပါတယ်။ တကယ်တော့ တူတော်တာ ဖြစ်ပါတယ်။ ဒီလိုအချက်အလက်တွေကိုလည်း ထည့်သွင်းပြီး ပြင်ဆင်ပေးသွားနိုင်မယ် ဆိုရင် ဒါ အများပြည်သူအတွက် ပိုမိုပြီးတော့ ကျွန်တော်တို့ ကောင်းမွန်မှာဖြစ်ကြောင်း ကျွန်တော် အကြံပြုတင်ပြရင်း ကျေးဇူးတင် စကားပြောကြားရင်း နိဂုံးချုပ်ခွင့်ပြုပါ။

**ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေ များအတွင်း လယ်ယာမြေဥပဒေကို မလိုက်နာ သူများ၊ ကိုယ်ကျိုးရှာသူများ၊ ငွေကြေးကို အရင်းပြု၍ စပါးခင်းဘဝမှ အခြားမြေအဖြစ်သို့ ပြောင်းလဲ လိုက်သူများ၊ အဆောက်အအုံဆောက်သူများ စသည်ဖြင့် ပေါ်များလာခြင်းကြောင့် စိုက်ဧကများ လျော့နည်းလာသည့်အတွက် တိတိကျကျ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေများအတွင်း လယ်ယာမြေဥပဒေကို မလိုက်နာ သူများ၊ ကိုယ်ကျိုးရှာသူများ၊ ငွေကြေးကို အရင်းပြု၍ စပါးခင်းဘဝမှ အခြားမြေအဖြစ်သို့ ပြောင်းလဲ လိုက်သူများ၊ အဆောက်အအုံ ဆောက်သူများ စသည်ဖြင့် ပေါ်များလာခြင်းကြောင့် စိုက်ဧကများ လျော့နည်းလာသည့်အတွက် တိတိကျကျ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း အနေနဲ့ တောင်သူလယ်သမားတို့ရဲ့ဘဝတွေ မြင့်တင်နိုင်ဖို့ဆိုပြီးတော့ ပြီးခဲ့တဲ့ လွှတ်တော် ကာလတွေမှာ တော်တော်များများ မေးမြန်းအဆိုပြု တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ တခြားကိုယ်စားလှယ်ကြီးတွေ တော်တော်များများကလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်တဲ့ဌာနတွေ

ကလည်း လုပ်နိုင်သလောက်တော့ လုပ်နေကြတာလည်း တွေ့ရပါတယ်။ အခုဆိုရင် လယ်သမားတွေ ကြွေးမြီသက်သာတဲ့ ဥပဒေတောင် ဆွဲနေပါတယ်။

ဒါပေမယ့်လည်း လယ်သမားတွေဟာ ထင်သာမြင်သာရှိလောက်အောင် တိုးတက်မှုမရှိတဲ့ အတွက် ဒါကို ကျွန်တော်တို့ ပြန်ပြီးတော့ နှိုးဆော်တဲ့အနေနဲ့ တင်ပြတာလည်း ဖြစ်ပါတယ်။ အခု အချိန်ထိ အကြွေးတွေနဲ့ပဲ တဝဲလည်လည် ဖြစ်နေကြပါတယ်။ ဒါ ဘယ်လိုဖြစ်သလဲ၊ ဒါ အဖြေ ထုတ်ကြည့်မယ်ဆိုရင် အချို့အချက်လေးတွေ ကျွန်တော်တို့ တင်ပြဖို့လည်း လိုနေတဲ့ သဘောလေး တွေလည်း ပါမှာပါ။ အခုဆိုရင် အစိုးရသက်တမ်း တစ်ဝက်လောက် ရောက်နေပါပြီ။ ဒီ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း ဒီမှာ ကွင်းဆင်းလိုက်တဲ့အခါတိုင်းမှာ သူတို့လိုအပ်ချက်တွေ ပြောနေတာလည်း ထပ်တော့ ထပ်နေပြီ။ ဆိုလိုတာက တာဝန်ရှိတဲ့လူတွေ For Show များ၊ အပြင်ပန်းများ လုပ်နေသလား။ ဒါလည်း ကျွန်တော် တစ်ဦးတည်း တစ်ယောက်ရဲ့ အတွေးပါ။ ကျွန်တော် တွေးတာလည်း မှားချင် မှားမှာပါ။

အဲဒီတော့ သူတို့လိုတာတွေက မြောင်းတွေ မပိတ်ဖို့၊ ဆည်ရေတွေ အပြည့်အဝရဖို့၊ ငါးကန်တွေ များလာတာကြောင့် ရေတွေမရတာတွေ မဖြစ်အောင်လုပ်ပေးဖို့၊ လယ်တွေကို ရေ မလွှမ်းအောင် လုပ်ပေးဖို့၊ ထိုက်တန်တဲ့ ဈေးငွေတွေ လုံလုံလောက်လောက် ချေးပေးဖို့၊ ငွေတိုးချေးတဲ့ ငွေရှင်တွေဆီကို မသွားချင်လို့ အချိန်မီမီ၊ အဆင်ပြေပြေ စောစောလေး ချေးငွေတွေရအောင် အစိုးရက ချေးပေးဖို့၊ နှစ်အလိုက်ပဲ အရင်းကိုပြန်ဆပ်ခွင့် ပြုဖို့၊ ကျွန်တော်ဆိုလိုတာက တစ်နှစ်ကို သူတို့ပြောတာ (၁)သိန်းလောက်ပဲ အရင်းကို ဆပ်ပြီးတော့ အတိုးနဲ့ပေါင်းပြီးတော့ ဒါ ဆပ်ပါရစေဆိုတဲ့ ဒီလို သတင်းပို့ချက်တွေလည်း တော်တော်လေး များပါတယ်။ နှစ်ရှည်(၁၀)နှစ်၊ (၁၂)နှစ်တန်သည် ဒါ ပြန်ဆပ်ပေး ဆောင်ရွက်ပေးနိုင်ရင် ပေးဖို့ဆိုပြီးတော့ တင်ပြတာရှိပါတယ်။

နောက် မြန်မြန်ဆန်ဆန်နဲ့ လယ်တွေ ပေါင်ခွင့်ရအောင် စပါးဈေးလည်းတက်ရော လယ်သမားတွေလက်ထဲမှာ စပါးက မရှိတော့ပါဘူး။ ဒါကြောင့် စပါးဈေးအကျနဲ့ပဲ သူတို့မှာ အမြဲရောင်းနေရတဲ့စနစ်ကြီး ဒါတွေကိုလည်း ပြုပြင်ပေးဖို့၊ ကုန်သည်တွေနဲ့ မြေသြဇာကုမ္ပဏီတွေ ကပဲ အမြတ်အစွန်းတွေ များများရနေကြတာကို ထိန်းပေးဖို့၊ ဓာတ်မြေသြဇာ စစ်/မစစ် Fertilizer Test တွေ လုပ်ပေးဖို့၊ မြေဆီတွေ ကောင်း/မကောင်း Soil Test တွေ လုပ်ပေးဖို့၊ ပိုးသတ်ဆေး အတုလား၊ အစစ်လားခွဲခြားပေးဖို့ အာမခံပေးဖို့၊ စက်မှုလယ်ယာအတွက် စက်ကောင်းတွေကို ဝယ်နိုင်အောင် ဖန်တီးပေးဖို့၊ နောက် စပါးတစ်တင်းကို (၄၆)ပေါင်နဲ့ သတ်မှတ်ထားပေမယ့်လည်း ပေါင်(၅၀)နဲ့ ရောင်းနေရတာတွေ သူတို့ကြွေးတွေ မြန်မြန်ဆပ်ချင်လို့ စပါးဝယ်တဲ့ ကုန်သည်တွေကို အောက်ကျခံ ပြီးတော့၊ လိုက်ရှာပြီးတော့၊ စပါးရောင်းနေရတာတွေ၊ နောက် မျိုးကောင်းမျိုးသန့်ကို ဈေးကြီးပေးဝယ်၊ စိုက်ပြီးတော့မှ အပင် ပေါက်လာတဲ့အခါမှာ ဒါ အညံ့တွေ ဖြစ်နေတာတွေ မစိုက်ချင်တဲ့ မျိုးတွေကို အတင်းစိုက်ခိုင်းတာတွေ ဒါတွေ ပြောလာကြပါတယ်။

နောက်တစ်ခုကတော့ လမ်းမကောင်းလို့ တံတားတွေမရှိလို့ဆိုပြီး ချောင်းမြောင်းတွေ ဖြတ်ပြီးတော့ စပါးတွေ သယ်တဲ့အခါမှာ သယ်တဲ့စရိတ်တွေကြီးပြီးတော့ အရင်းထဲကပါသွားတာတွေ၊ ဒါတွေဟာ တာဝန်ရှိတဲ့သူတွေရဲ့ အပိုင်းတွေထဲက ထဲထဲဝင်ဝင် ဖိဖိစီးစီးလုပ်ရမယ့်ဟာတွေ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း တော်တော်များများ တင်ပြသွားပြီး ဖြစ်ပါတယ်။ အခု ကျွန်တော့်မေးခွန်းက လယ်သမားဘဝ လယ်ယာကဏ္ဍမြှင့်တင်ဖို့ ဒါ အထောက်အကူပြုမယ်

လို့လည်း ယူဆပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ သမ္မတကြီးကိုယ်တိုင်က ပဲခူးမြို့တော် ခန်းမမှာ အခုဆို လူသန်း(၆၀)အတွက် လောက်ငှပေမယ့် နောင်တိုးပွားမယ့် သန်း(၁၀၀)အတွက် ပူနေရပြီလို့ဆိုပြီးတော့ သူ ပြောထားတာ ရှိပါတယ်။ မျှော်တွေးစီစဥ်ရမယ်လို့လည်း ပြောပါတယ်။ လယ်ယာကဏ္ဍ ထိခိုက်ခံနေရတယ်လို့လည်း ဒီလိုဆိုပါတယ်။

အဲဒီတော့ ကျွန်တော် တင်ပြချင်တာက အခု စိုက်ဧကတွေ လျော့နည်းလာတာဟာ ဘာကြောင့်လဲ။ ဘယ်လိုဖြစ်တာလဲကြည့်တော့ ဥပမာ - ပဲခူးမြို့တစ်ဝိုက်ပေါ့နော်။ နောက် အထူး သဖြင့်တော့ မှော်ဘီမြို့နယ်နဲ့ အထယု ဆိုတဲ့ ရွာတစ်ဝိုက်မှာ လယ်တွေကို ဈေးပေါပေါနဲ့ ဝယ်ပြီး တော့ ဈေးကောင်းကောင်းနဲ့ ရောင်းဖို့ စောင့်ဆိုင်းနေတာတွေ၊ ဘာမှ မစိုက်ဘဲနဲ့ လှပ်ထားတာတွေ၊ ဟန်ပြ စိုက်ထားတာတွေ၊ နောက် ကားလမ်းဘေးတစ်လျှောက်မှာလည်း လယ်ကွင်းကို အုတ်တံတိုင်း တွေ ခတ်ထားကြတာတွေ တောင်တွေ့ရပါတယ်။ နောက် နိုင်ငံခြားသားတွေလည်း တော်တော်များများ လိုက်ဝယ်နေတယ် ဆိုတာလည်း သိရပါတယ်။

နောက်ပြီးတော့ စက်ရုံအလုပ်ရုံ ဓာတ်ဆီဆိုင်တွေ တော်တော်ပေါလာတာလည်း တွေ့ရ ပါတယ်။ အဲဒီကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကလည်း လယ်ကောင်းတွေ သွားထိခိုက်တာတွေလည်း တွေ့ရပါတယ်။ ဒါ စားကျက်တွေလည်း အလွဲသုံးစားလုပ်တာတွေရှိပါတယ်။ လယ်ယာမြေ ဥပဒေ အခန်း(၇)၊ အပိုဒ်(၁၉)(ဂ)မှာပါတဲ့ (၃)နှစ်မလုပ်ရင် နှင်ထုတ်ရမယ်။ အစိုးရက သိမ်းရမယ် ဆိုပြီးတော့ ကျွန်တော်သိထားပါတယ်။ ဥပဒေ အခန်း(၄)၊ အပိုဒ်(၁၂)(ဈ)မှာလည်းပဲ လယ်မစိုက်ရင် သိမ်းရမယ် ဆိုတာပါ ပါတယ်။ အဲဒီတော့ ဒီလို လယ်ယာမြေတွေကို အလွဲသုံးစားတာတွေ များလာရင် နိုင်ငံတော်ရော လယ်သမားတွေဘဝပါ အင်မတန်နစ်နာတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။

တချို့ဌာနဆိုင်ရာတွေကလည်း လယ်တွေကိုသိမ်းပြီး မလုပ်တာတွေကြောင့် ဒါ စည်းပျက် လယ်တွေ တွေ့ရပါတယ်။ လုပ်တဲ့ဌာနတွေကျတော့လည်း သီးစားခတွေချနေလို့ ဒါ ပြည်ထောင်စု လွှတ်တော်မှာ ဦးတင်ထွတ် ရဲ့ လယ်ယာကော်မရှင်မှာ တိုင်စာတွေ တော်တော်လေးပုံ နေပါတယ်။ ဒီကော်မရှင်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း တော်တော်ပါလို့ အခု လောလောဆယ် ကျွန်တော်တို့ ဒါတွေလည်း လွှတ်တော်နားတဲ့အချိန်မှာ လိုက်စစ်နေရပါတယ်။ ကျွန်တော်မြင်တာ ကတော့ တိုင်ကြားချက်တွေကို မြန်မြန်အရေးယူပြီးတော့ စည်းပျက်လယ်တွေလည်း အစိုးရက သိမ်းသင့်တယ်လို့ မြင်ပါတယ်။ သိမ်းပြီးရင် ဘုံလယ်မြေစနစ်တစ်ခု နီးစပ်တဲ့ရွာတွေမှာ ထားမလား၊ ဒါဆို လယ်သမားတွေ အဲဒီမှာ အလုပ်အကိုင်အခွင့်အလမ်း ပိုရလာမလား။ ဒီလိုပဲ ကျွန်တော် တွေးမိပါတယ်။ ဒါကြောင့်မို့ စိုက်ဧကတွေ မလျော့နည်းအောင်လို့ လယ်မြေဥပဒေကို မလိုက်နာတဲ့သူတွေ၊ ကိုယ်ကျိုးရှာတဲ့သူတွေ တိတိကျကျ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးဖို့ အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်သမားထုကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၂။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေများအတွင်း လယ်ယာမြေဥပဒေကို မလိုက်နာသူများ၊ ကိုယ်ကျိုးရှာသူများ၊ ငွေကြေးကို အရင်းပြု၍ စပါးခင်းဘဝမှ အခြားမြေအဖြစ်သို့ ပြောင်းလဲလိုက်သူများ၊ အဆောက်အဦ ဆောက်သူများ စသည်ဖြင့် ပေါ်များလာခြင်းကြောင့် စိုက်ဧကများ လျော့နည်းလာသည့်အတွက် တိတိကျကျ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ကျွန်တော် တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းနဲ့ အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်းပြီး လယ်ယာမြေဥပဒေ အခန်း(၁၀)၊ လယ်ယာမြေကို အသုံးချခြင်းမှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၂၉။ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် ဟု ပါရှိပါတယ်။

ပုဒ်မ ၃၀ မှာ အများပြည်သူ အကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်းပြီး - (က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး ယာမြေ၊ ဥယျာဉ်ခြံမြေ၊ အခြားမြေများကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်လို့ ပါရှိပါတယ်။

လယ်ယာမြေဥပဒေ အခန်း(၆)၊ လယ်ယာမြေဥပဒေပုဒ်မ ၁၇ မှာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ (က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးပြီး ဆောင်ရွက်စေခြင်းလို့ ဖော်ပြပါရှိပါတယ်။

လယ်ယာမြေနည်းဥပဒေ ၇၉ မှာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အလိုက် ကျွမ်းကျင်ပညာရှင်များ ရေးဆွဲပြုစု၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ကြိုတင်ပေးပို့ ထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမယ့် လုပ်ငန်းစီမံချက် သို့မဟုတ် မြို့ပြ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမယ့် လုပ်ငန်းစီမံချက်များအရ ကျေးလက်ဒေသများ သို့မဟုတ် မြို့ပြဒေသများမှာ တိုးတက်လျက်ရှိတဲ့ လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်သည်ဟုလည်း ပြဋ္ဌာန်း ထားရှိပါတယ်။

လယ်ယာမြေ နည်းဥပဒေ ၈၀ မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် သို့မဟုတ် မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်း စီမံချက်များအရ ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်ရာ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်း၊ တံတား၊ ကျေးလက်ဈေး၊ ဘာသာရေး အဆောက်အအုံ၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ရှိပါက အောက်ပါအချက်များနှင့် ညီညွတ်လျှင် အသုံးပြုနိုင်ခွင့်ရှိကြောင်းကိုလည်း ပြဋ္ဌာန်း ပါရှိပါတယ်။

စာသင်ကျောင်းများအတွက် ဖြစ်ပါက ပြည်ထောင်စုအဆင့် ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီး ရန်ပုံငွေရရှိနိုင်မှု အခြေအနေရှိရမည် ဖြစ်ပါတယ်။ ကျန်းမာရေး ဌာနအတွက် ဆေးရုံနှင့် ဆေးပေးခန်းအတွက်ဖြစ်ပါက ပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီး ရန်ပုံငွေရရှိမှု ရှိရမှာဖြစ်ပါတယ်။ ဘာသာရေးအဆောက်အအုံများ အတွက်ဖြစ်ပါက ပြည်ထောင်စုအဆင့် သာသနာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရရှိပြီး ရန်ပုံငွေအခြေအနေ ရှိရမှာဖြစ်ပါတယ်။ အခြားကိစ္စရပ်များအတွက်ဖြစ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရရှိပြီး ရန်ပုံငွေရရှိနိုင်မှုအခြေအနေ ရှိရမည်လို့ ဖော်ပြထားပါတယ်။

အထက်အပိုဒ် ၅ ပါ လယ်ယာမြေ နည်းဥပဒေ ၈၀၊ အပိုဒ်ခွဲ(ဃ)မှာ ပြဋ္ဌာန်းထားတဲ့ အခြားကိစ္စရပ်အတွက်ဖြစ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီး ရန်ပုံငွေရရှိနိုင်မှု အခြေအနေရှိခြင်း အချက်နှင့်ပတ်သက်ပြီး ဥပမာတင်ပြရမယ် ဆိုရင် ဟိုတယ်၊ တည်းခိုခန်း၊ ဓာတ်ဆီဆိုင် စသည်များဆောက်ရွက်ရန် အသုံးပြုလိုခြင်း ဖြစ်ပါက သက်ဆိုင်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရဲ့ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်နဲ့ လုပ်ငန်းဆိုင်ရာ ဘဏ္ဍာငွေကြေး ရရှိနိုင်မှု အခြေအနေအရ တိကျစွာ ဖော်ပြပြီး စက်သုံးဆီအရောင်းဆိုင် တည်ဆောက်အသုံးပြုလိုခြင်း ဖြစ်ပါက သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားခွင့်ပြုချက်နှင့် လုပ်ငန်းဆိုင်ရာ ဘဏ္ဍာငွေအခြေအနေကို ပြည့်စုံစွာ ပူးတွဲတင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။

စီးပွားရေးအရ အချက်အချာကျပြီး လူနေစည်ကားတဲ့ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ လားရှိုး၊ မူဆယ် စတဲ့ မြို့ကြီးတွေမှာ လယ်ယာမြေများကို ငွေကြေးတတ်နိုင်သူများအနေဖြင့် အခြားနည်းလမ်းအသုံးပြုရန် အကြောင်းပြချက် အမျိုးမျိုးအားဖြင့် လယ်ယာမြေကို ဝယ်ယူထားကြပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဈေးကစား အရောင်းအဝယ်ပြုလုပ်ရန် ဆောင်ရွက်နေကြခြင်း၊ ဟိုတယ်၊ စက်သုံးဆီဆိုင် စသည့် အဆောက်အအုံများ ဥပဒေနှင့် ညီညွတ်စွာ တင်ပြခြင်းနှင့် ခွင့်ပြုချက် ရယူခြင်းမရှိကြဘဲ တည်ဆောက်နေကြခြင်း၊ အုတ်တံတိုင်းများ အခိုင်အမာ ကာရံနေခြင်းတို့ကြောင့် စိုက်ဧကများ လျော့နည်းလာမှုအပေါ်မှာ ပြဋ္ဌာန်းထားရှိတဲ့ လယ်ယာမြေဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးခြင်းနှင့် ထိရောက်သော စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်ရန်များ တင်ပြချက်အတိုင်း လိုအပ်လာမည် ဖြစ်ပါသည်။

လယ်ယာမြေဥပဒေ အခန်း(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရဟု တားမြစ်ပြဋ္ဌာန်းထားရှိပြီး၊ အခန်း(၇)၊ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်းနှင့် အခန်း(၁၂)ပြစ်မှုနှင့်ပြစ်ဒဏ်များမှာ အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပါတယ် -

ပုဒ်မ ၁၉။ ဤအက်ဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်ဆိုသည်မှာ ကျေးရွာအုပ်စုလယ်ယာစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်အဖွဲ့၊ ခရိုင်အဖွဲ့၊ ပြည်နယ်တိုင်းအဖွဲ့ဆိုပြီး ခွဲခြားဖွဲ့စည်းပြီးဖြစ်ပါတယ်။

ဤဥပဒေပုဒ်မ ၁၉(က)အရဆိုရင် သတ်မှတ်တဲ့ ဒဏ်ကြေးငွေများ ပေးဆောင်စေခြင်း။ (ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ)လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊ ပုဒ်မ ၂၀။ ပုဒ်မ ၁၉ ပါ လယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်သည် ယင်းပုဒ်မ ချမှတ်သောအမိန့်ကို လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၃၅။ မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူမဆို ပုဒ်မ၁၉ အရ ချမှတ်ထားသောအမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်ထားသောအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကို ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

အလားတူ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ကိုယ်တိုင်ပါဝင်ဦးဆောင်တဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များကို ခိုင်မာစွာဖွဲ့စည်း တာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေ ၂၅၊ ပုဒ်မခွဲ(ဂ) အရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် အယူခံသည့်ကိစ္စရပ်များတွင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ထို့အတူ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စများနှင့် စပ်လျဉ်းပြီးအထက်တွင်ဖော်ပြခဲ့တဲ့ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။

လယ်ယာမြေကို ဥပဒေနှင့်အညီ စီမံခန့်ခွဲရန် တာဝန်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ လယ်ယာမြေဥပဒေအရလည်းကောင်း ခိုင်မာစွာ ဖွဲ့စည်းတာဝန် ပေးအပ်ထားရှိပြီးဖြစ်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေနဲ့ ဥပဒေကို တိတိကျကျ လိုက်နာကျင့်သုံး တာဝန်ခံ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါတယ်။

နိုင်ငံတော်မှ နိုင်ငံနှင့်အဝန်း ကျင့်သုံးလိုက်နာ ဆောင်ရွက်ကြရန်အတွက် တိကျစွာ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေများအပေါ်မှာ မြေပြင် (On Ground) တာဝန်ခံ ဆောင်ရွက်နေကြရတဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ အဆင့်ဆင့်ဖွဲ့စည်းထားတဲ့ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လက်တွေ့အလေးထား လိုက်နာကျင့်သုံး ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်းကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပေးထားတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်း လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့ဟာ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ပြည့်စုံစွာ လိုက်နာကျင့်သုံးဆောင်ရွက်ကြရေးအတွက် ဗဟိုအဖွဲ့ အစည်းအဝေးများမှာ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိတဲ့အပြင် လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီး ချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ စုံညီစွာ ပါဝင်တက်ရောက်ကြတဲ့ အစည်းအဝေးများမှာလည်း လယ်ယာမြေကို မသင့်မလျော်၊ ဥပဒေနှင့် မညီညွတ်စွာ အခြားနည်းဖြင့် အသုံးပြုသောကိစ္စရပ်များ မဖြစ်ပေါ်ရေးအတွက် အကြိမ်ကြိမ် ရှင်းလင်းတင်ပြခြင်း၊ လယ်ယာမြေဥပဒေ နည်းဥပဒေများကို သက်ဆိုင်ရာ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ အသီးသီးထံသို့ ဖြန့်ဝေပေးခြင်းနဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်စွာ ကျင့်သုံးဆောင်ရွက်ကြရေးအတွက်လည်း အကြိမ်ကြိမ်ညှိနှိုင်းတင်ပြခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ ဖော်ပြပါရှိတဲ့အတိုင်း ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးနယ်မြေများအတွင်း လယ်ယာမြေဥပဒေကို မလိုက်နာသူများ၊ ကိုယ်ကျိုးရှာသူများ၊ ငွေကြေးကိုအရင်းပြု၍ စပါးခင်းဘဝမှ အခြားမြေအဖြစ်သို့ ပြောင်းလဲလိုက်သူများ၊ အဆောက်အအုံဆောက်သူများ စသည်ဖြင့် ပေါများလာခြင်းကြောင့် စိုက်ဧကများ လျော့နည်းလာတဲ့အတွက် တိတိကျကျစုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သလို စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့များထံသို့လည်း ပြဌာန်းထားပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်စွာ ဥပဒေကို လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရေးနဲ့ ငွေကြေးကိုအရင်းပြု၍ ကိုယ်ကျိုးရှာသူများ၊ ဥပဒေကို ဖောက်ဖျက်နေသူများကို ဥပဒေနှင့်ညီညွတ်စွာ တိတိကျကျ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူ တရားစွဲဆိုမှုများရှိသကဲ့သို့ ဆက်လက်၍ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းအကြောင်းကြားထားရှိပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ** ။ ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၂၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌက နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးသန်းကျော်ထူး (ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းကျော်ထူး ဖြစ်ပါတယ်။ နေပြည်တော် စည်ပင် သာယာရေးကော်မတီ က လက်ရှိ ကိုင်တွယ်ကျင့်သုံးနေတဲ့ နေပြည်တော်စည်ပင်သာယာရေး ဥပဒေဟာ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ်၊ ၄/၂၀၀၉ ဖြင့် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ထိုဥပဒေအား ရေးဆွဲခဲ့စဉ်က ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၅/၉၃ အား ရည်ညွှန်းကိုးကား၍ ရေးဆွဲ ပြဋ္ဌာန်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ လက်ရှိ ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီစေရန်အတွက် လည်းကောင်း၊ တာဝန်ယူဆောင်ရွက်ရသော စည်ပင်သာယာရေးလုပ်ငန်းများအား ပိုမိုပြည့်စုံ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက်လည်းကောင်း၊ အများပြည်သူ ပိုမိုရှင်းလင်း သိရှိလိုက်နာစေရန်အတွက် လည်းကောင်း နေပြည်တော်စည်ပင်သာယာရေး ဥပဒေအား ထပ်မံဖြည့်စွက် ပြုပြင်ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေ မူကြမ်းကို ရေးဆွဲပြီး အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌ က တင်သွင်းသော နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က

ဆွေးနွေးစဥ်းစားပေးပါရန်ကျွန်တော်ဦးဝင်းသိန်း၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေပြည်တော်စည်ပင်သာယာရေးဥပဒေကြမ်းကို ဆွေးနွေးစဥ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၁:၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ဆွေးနွေးစဥ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁:၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၇-၂၀၁၃ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးရမယ့် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်း ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးဆွန်ဒုတ်ကျင့် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်စစ်ဆေးချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကျွန်တော် ရှင်းလင်း တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က (၁၈-၁-၂၀၁၃) ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူခဲ့ပြီး ဖြစ်သော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား (၂၁-၁-၂၀၁၃) ရက်နေ့၌ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် (၁၄-၂-၂၀၁၃) ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်မရှိ သဘောတူပြီးဖြစ်သည့် ဥပဒေကြမ်းတွင် အပိုဒ်(၂၁)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ သဘောတူပြီး ပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာ စိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂ ၌ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(၄)တွင် ပါရှိသော စကားရပ်များကို အစားထိုးခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(၄)မှ စကားရပ်အချို့ကို ကောက်နုတ်၍ အစားထိုးခြင်း မဟုတ်ဘဲ ပုဒ်မခွဲ(၄) တစ်ပိုဒ်လုံးကို အစားထိုးခြင်း ဖြစ်သောကြောင့် ဥပဒေရေးထုံးရေးနည်း အရ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၄)ကို အောက်ပါအတိုင်း အစားထိုး ရမည် -

(4) district means the local limits of the jurisdiction of a principal Court of original civil jurisdiction (here in after called a District Court), and includes the local limits of ordinary original civil jurisdiction of a Court of the Self-Administered Division or a Court of the Self-Administered Zone; ဟု ပြင်ဆင်ခြင်း ဖြစ်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၃ ၌ ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) နောက်တွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(၄ က)ကို အစားထိုးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေရေးထုံး အရ ပုဒ်မကို ဖော်ပြရန် မလိုဘဲ အစားထိုးမည့် ပုဒ်မခွဲကိုသာ ဖော်ပြရန် လိုအပ် ပါသည်။ သို့ဖြစ်၍ Section 2 (4 A) အစား Section 2 ချန်လှပ်ပြီး(4 A) ဟု ပြင်ဆင်ခြင်း ဖြစ်ပါသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် ပုဒ်မခွဲ (4 A) ကို မြန်မာ ဘာသာဖြင့် ပုဒ်မခွဲ(၄-က) ရေးထုံး ရှိသောကြောင့် ခြေဆင်းတွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၄) နောက်တွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(၄-က)အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် ဟု ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၄ ၌ ပါရှိသော the Hight Court ဆိုသည့် စကားရပ်ကို a Hight Court of the Region or a Hight Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်းနှင့် စပ်လျဉ်း၍ ထို အပိုဒ် ၄ တွင် ဖော်ပြထားသော ပုဒ်မ ၂၊ ပုဒ်မခွဲ (၁၅)၊ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ(က)(ခ)၊ ပုဒ်မ ၁၁၁ ၊ ပုဒ်မခွဲ(က)၊ နဝမပိုင်းခေါင်းစဉ် ပုဒ်မ ၁၁၇၊ ပုဒ်မ ၁၁၈ နှင့် ပုဒ်မ ၁၂၀ တို့အပြင် အပိုဒ် ၆ (က)၌ ပုဒ်မ ၃ တွင် လည်းကောင်း၊ အပိုဒ် ၇(က) ၌ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၂) တွင်လည်းကောင်း၊ အပိုဒ် ၁၁ ၌ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(၁)တွင်လည်းကောင်း၊ အပိုဒ် ၁၉ ၌ ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ(၄)တို့တွင် လည်းကောင်း ထပ်ခါထပ်ခါ အစားထိုးထားသဖြင့် ဥပဒေရေးထုံးနှင့် အင်္ဂလိပ်စာ အရေးအသားအရ ထိုပုဒ်မများကိုပါ တစ်ပါတည်း ထည့်သွင်းပြီး အပိုဒ် ၄ တွင် အစားထိုးခြင်း ဖြစ်ပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၅ ၌ ပုဒ်မ ၂၊ ပုဒ်မခွဲ(၁၇)၊ ပုဒ်မခွဲငယ်(ခ)နှင့်(ဂ)တို့ပါ စကားရပ်များကို အစားထိုးခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (ခ)နှင့်(ဂ)တို့ပါ စကားရပ်များမှ အချို့ကို ကောက်နုတ်၍ အစားထိုးခြင်း မဟုတ်ဘဲ ပုဒ်မခွဲ(ခ)နှင့်(ဂ) တစ်ပိုဒ်လုံးကို အစားထိုးခြင်း ဖြစ်သောကြောင့် တရားမကျင့်ထုံး

ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၁၇)၊ ပုဒ်မခွဲငယ်(ခ)တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် ဟု ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

(င) အပိုဒ် ၆ တွင် ပါရှိသည့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော the High Court ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြပြီးဖြစ်သဖြင့် အပိုဒ် ၆(ခ)တွင် အပိုဒ် ၆ အဖြစ် and every Court of Small Causes ဆိုသည့် စကားရပ်ကိုသာ ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

(စ) ထို့အတူ အပိုဒ် ၇(က)၌ ပါရှိသော the High Court ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သဖြင့် အပိုဒ်(၇)တွင် ပုဒ်မ၂၃၊ ပုဒ်မခွဲ(၂)၏ နောက်တွင် ပုဒ်မခွဲ(၃)ကို ဥပဒေရေးထုံးအရ ဖြည့်စွက်ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ဆ) ထို့အတူ အပိုဒ် ၈ ၌ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၁)၌ပါရှိသော the High Court ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သဖြင့် the State or Divisional Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ ဟု ဖော်ပြထားခြင်းဖြစ်ပါသည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၈ ၌ ပါရှိသော the High Court ဆိုသည့် စကားရပ်အစား the Supreme Court of the Union ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်းနှင့်စပ်လျဉ်း၍ အပိုဒ် ၈ တွင် ဖော်ပြထားသော ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၁)အပြင် အပိုဒ် ၉၊ ပုဒ်မ ၃၅(က) ပုဒ်မခွဲ(၂)၏ ခြွင်းချက်တွင်လည်းကောင်း၊ အပိုဒ် ၁၆၊ ပုဒ်မ ၁၁၃၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ(၂)တို့တွင်လည်းကောင်း၊ အပိုဒ် ၁၇(က)၊ ပုဒ်မ ၁၁၅ တွင် လည်းကောင်း၊ ထပ်ခါထပ်ခါ အစားထိုးထားသဖြင့် ဥပဒေရေးထုံးအရ ထိုပုဒ်မများကိုပါ တစ်ပေါင်းတည်း ထည့်သွင်းပြီး အပိုဒ် ၁၆ တွင် အစားထိုးခြင်း ဖြစ်ပါသည်။

(ဈ) အလားတူ အပိုဒ် ၉ တွင်လည်း ပုဒ်မ ၃၅ - က၊ ပုဒ်မခွဲ(၂)ခြွင်းချက်တွင် ပါရှိသော the High Court စကားရပ်ကိုအထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်သဖြင့် ကျန်ရှိသော 100,000 Kyats ဆိုသည့် စကားရပ်ကို 1,000,000 Kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်း ဖြစ်ပါသည်။

(ည) အပိုဒ် ၁၀ ၌ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(၁) တို့တွင် ပါရှိသော စကားရပ်တို့ကို အစားထိုးထားသည့် a Secretary to the Union Government အစား ပြည်ထောင်စုအစိုးရအဖွဲ့တွင် တစ်ဦးတည်းသာရှိ သဖြင့် သဒ္ဒါအရ a အစား the ကို ပြင်ဆင်၍ the Secretary to the Union Government ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်း ဖြစ်ပါသည်။

(ဋ) တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၁၊ ပုဒ်မ ၉၂ နှင့် ပုဒ်မ ၉၃ တို့တွင် ပါရှိသော the Attorney - General ဆိုသည့် စကားရပ်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတို့အရ the Attorney - General of the Union ဟု ပြင်ဆင်ရန်ထားသဖြင့် ထိုပြင်ဆင်ရန်ချက်များနှင့်အညီ မူလအပိုဒ် ၁၀ နောက်တွင် အပိုဒ် ၁၁ အဖြစ် အသစ်ဖြည့်စွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ဌ) မူလအပိုဒ် ၁၁ ၌ ပါရှိသော ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(၁)ပါ the High Court ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သဖြင့် ကျန်ရှိသော ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဃ)ပါ 2,000,000 Kyats ဆိုသည့် စကားရပ်ကို 1,000,000 Kyats ဆိုသည့် စကားရပ်ဖြင့် အပိုဒ် ၁၂ အဖြစ် အစားထိုးခြင်း ဖြစ်ပါသည်။

(ဍ) မူလအပိုဒ် ၁၂ ကို အပိုဒ် ၁၄ အဖြစ် အမှတ်စဉ်ပြင်ဆင်၍ ဖော်ပြခြင်း ဖြစ်ပါသည်။

(ဎ) မူလအပိုဒ် ၁၃၊ ပုဒ်မ ၁၀၆ ပါ the State or Divisional Court ပါ စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရာ၌ အလားတူ စကားရပ်များကို ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မ ၁၁၅ တို့တွင်လည်း ထပ်ခါထပ်ခါ အစားထိုးထားသဖြင့် ဥပဒေရေးထုံးအရ တစ်ပိုဒ်တည်းတွင်ပေါင်း၍ အပိုဒ် ၁၃ အဖြစ် ရေးထုံးအရ ပြင်ဆင်ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ဏ) မူလအပိုဒ် ၁၄ ကို အပိုဒ် ၁၅ အဖြစ် ရေးထုံးအရ အနည်းငယ် ပြင်ဆင်၍ ဖော်ပြ ထားခြင်း ဖြစ်ပါသည်။

(တ) မူလအပိုဒ် ၁၅ ပါ the High Court ဆိုသည့်စကားရပ်ကို the Supreme Court of the Union ဆိုသည့် စကားရပ်ဖြင့် အစားထိုးရာ၌ အလားတူ စကားရပ်များကို ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၃၁-က၊ ပုဒ်မခွဲ(၂)၏ ခြွင်းချက်နှင့် ပုဒ်မ ၁၁၅၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ(၂)တို့တွင်လည်း အလားတူ ထပ်ခါထပ်ခါ အစားထိုးထားသဖြင့် ဥပဒေရေးထုံးအရ တစ်ပိုဒ်တည်း ပေါင်း၍ အပိုဒ် ၁၆ အဖြစ် ပြင်ဆင်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ထ) မူလ အပိုဒ် ၁၆(က)၌ မူလပုဒ်မ ၁၁၅ ပါ the High Court ဆိုသည့် စကားရပ်နှင့် the State or Divisional Court ဆိုသည့်စကားရပ်များကို အထက်အပိုဒ် ၄နှင့် ၁၆ တို့တွင် ပေါင်း၍ အစားထိုးထားပြီး ဖြစ်သဖြင့် ကျန်ရှိသော မူလအပိုဒ် ၁၆(ခ)ကို အပိုဒ် ၁၇(က) အဖြစ်လည်းကောင်း၊ မူလအပိုဒ် ၁၆(ဂ)ကို အပိုဒ် ၁၇(ခ)အဖြစ် ပြင်ဆင်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ဒ) မူလအပိုဒ် ၁၇(က)ကို အပိုဒ် ၁၈(က)အဖြစ် အနည်းငယ် ပြင်ဆင်၍ အစားထိုး ထားခြင်း ဖြစ်ပါသည်။ မူလအပိုဒ် ၁၇(ခ)(ဂ)နှင့်(ဃ)တို့တွင် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ(၁)၏ ပုဒ်မခွဲငယ် (က)(ခ)(ဂ)တို့ကို တစ်ပိုဒ်ချင်းစီ အစားထိုးထားခြင်း ဖြစ်သဖြင့် ဥပဒေ

ရေးထုံးအရ ပေါင်း၍ အပိုဒ် ၁၈(ခ)၌ တစ်ဆက်တည်း အစားထိုးထားခြင်း ဖြစ်ပါသည်။

(ဓ) မူလအပိုဒ် ၁၇(င)(စ)နှင့်(ဆ)တို့ကို စကားရပ်အနည်းငယ် ပြင်ဆင်၍ အပိုဒ် ၁၈(ဂ) (ဃ) နှင့်(င)တို့အဖြစ် ပြင်ဆင်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(န) မူလ အပိုဒ် ၁၈ ၌ ပါရှိသော ပုဒ်မ ၁၂၆ ကို အစားထိုးခြင်းနှင့်စပ်လျဉ်း၍-

(၁) တရားမကျင့်ထုံး မူလပုဒ်မ ၁၂၂ တွင် ယခင် တရားလွှတ်တော်၌ ယခု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေ ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၂၆ တွင် ပြဋ္ဌာန်းချက်အရ ပြုလုပ်သည့် နည်းဥပဒေများသည် နိုင်ငံတော်သမ္မတ၏ ကြိုတင်အတည်ပြုချက်နှင့်အညီ ပြုလုပ်ရမည်ဟု ပါရှိခဲ့ပါသည်။

(၂) ထိုပုဒ်မကို အစားထိုးရာ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါ နည်းဥပဒေများကို အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံဖြန့်ဝေ တင်ပြရမည်ဟု ပါရှိခဲ့ပါသည်။ ထိုသို့ ဖော်ပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၇(က)နှင့်ပုဒ်မ ၁၅၇(က) တို့ပါ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်သည့် နည်းဥပဒေများကို လွှတ်တော် ကိုယ်စားလှယ် များထံ ဖြန့်ဝေတင်ပြရမည် ဆိုသော အချက်ပါရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၇(ခ) (ဂ)နှင့် ပုဒ်မ ၁၅၇ (ခ) (ဂ) တို့ပါ ထိုနည်းဥပဒေများမှာ သက်ဆိုင်ရာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိလျှင် ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆို တင်သွင်း နိုင်ကြောင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲ ပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ကြောင်း ဆိုသည့် အချက်များ မပါရှိပါ။ ထို့အပြင် နည်းဥပဒေများသည် သက်ဆိုင်ရာ ဥပဒေနှင့် မညီညွတ် ပါက မညီညွတ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ရမည့် အကြောင်းလည်း မပါရှိပါ။

(၃) သို့ဖြစ်၍ အဆိုပါ ပုဒ်မ ၁၂၆ တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က နည်းဥပဒေ ထုတ်ပြန်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ နှင့် ၁၅၇ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါ နည်းဥပဒေမှာ သက်ဆိုင်ရာ ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ ဆွေးနွေးပြီး ဆုံးဖြတ်နိုင်ရန်အတွက် အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည့် အကြောင်းကို ပုဒ်မ ၁၂၆၊ ပုဒ်မခွဲ(က)အဖြစ်လည်းကောင်း၊ အကယ်၍ အဆိုပါ နည်းဥပဒေများမှာ သက်ဆိုင်ရာ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိ ကြောင်း တွေ့ရှိသဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်

လုံးက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ဆုံးဖြတ်လျှင် ဖြစ်စေ၊ အဆိုပါ လွှတ်တော် နှစ်ရပ်က သဘောကွဲလွဲသည့်အခါ ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ဆုံးဖြတ်လျှင် ဖြစ်စေ၊ ပုဒ်မခွဲ(က)အရ ဆုံးဖြတ်ချက်နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြုလုပ်ရမည့် အကြောင်း ပုဒ်မ ၁၂၆၊ ပုဒ်မခွဲ(ခ)တွင်လည်းကောင်း အစားထိုး ဖော်ပြထား ခြင်း ဖြစ်ပါသည်။ အစားထိုး၍ အပိုဒ် ၁၉ အဖြစ် ပြင်ဆင်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ပ) မူလအပိုဒ် ၁၉၊ ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ(ာ)၌ ပါရှိသော the High Court ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲ(ဂ)တွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သဖြင့် ကျန်ရှိသော Yangon City Civil Court ဆိုသည့် စကားရပ်နှင့် ကျန်ရှိသော as if were the District Court ဆိုသည့်စကားရပ်တို့ကို အနည်းငယ်ပြင်ဆင်၍ အပိုဒ် ၂၀ အဖြစ် ပြင်ဆင်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ဖ) မူလ အပိုဒ် ၂၀၊ ပုဒ်မ ၁၃၇၊ ပုဒ်မခွဲ(ာ)နှင့်(၂)တို့ကို ခွဲ၍ အစားထိုးမည့်အစား ဥပဒေ ရေးထုံးနှင့်အညီ ပုဒ်မ ၁၃၇၊ ပုဒ်မခွဲ(ာ)နှင့် (၂)တို့ကို တစ်ဆက်တည်း ပေါင်း၍ အပိုဒ် ၂၁ အဖြစ် ပြင်ဆင်အစားထိုးခြင်း ဖြစ်ပါသည်။

(ဗ) မူလအပိုဒ် ၂၁ ၊ ပုဒ်မ ၁၃၉ ၊ ပုဒ်မခွဲ(ခ) တို့ကို ရေးထုံးရေးနည်းအရ အနည်းငယ် ပြင်ဆင်၍ အပိုဒ် ၂၂ အဖြစ် ပြင်ဆင်၍ အစားထိုးခြင်း ဖြစ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ပါ၍ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ လာသော တရားမကျင့်ထုံး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၇-၂၀၁၃ (အင်္ဂါနေ့)ထက်နောက်မကျဘဲ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးစိုးမြင့် (ဥပဒေကြမ်း ကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွဧည့်သည်တော်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံ စာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၃-၆၁
ရက်စွဲ ၊ ၂၀၁၃ခုနှစ်၊ ဇွန်လ ၂၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၀-၃-၂၀၁၃ ရက်နေ့တွင် မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် (၁၈-၆-၂၀၁၃) ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် ပုဒ်မ(၅)ခုပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဤဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၁ တွင် ပါရှိသော This Act extends to the defile and waters of the Irrawaddy River between the village of Sinbo in the Myitkyina District and the town of Bhamo in the Bhamo District ဟူသော စကားရပ်အစား This Act shall be called the Defile Traffic Act ဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်ထားခြင်းမှာ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်

အထက်ပိုင်း မြစ်ကျဉ်းနေရာများ သာမက ချင်းတွင်းမြစ်အတွင်းရှိ ရွှေစာရေး မြစ်ကျဉ်းနှင့် လောင်းဂရိတ်မြစ်ကျဉ်း စသည်တို့တွင်လည်း ရေယာဉ်များ သွားလာမှု အန္တရာယ်ကင်းရှင်းစေရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ရန် လိုအပ် သောကြောင့် ဤဥပဒေကို နိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရန် ပြဋ္ဌာန်း သင့်သောကြောင့် ပုဒ်မတစ်ခုလုံးအား အစားထိုးပြင်ဆင်ထားကြောင်း စိစစ်တွေ့ရှိ ရပါသည်။

(ခ) ဤဥပဒေကြမ်း အပိုဒ် ၃(က)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော defile means the defile and waters of the Irrawaddy River between the village of Sinbo in the Myitkyina District and the town of Bhamo in the Bhamo District ဟူသည့် စာသား၏နောက်တွင် This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government; ဟူသည့် စာသားအား ဖြည့်စွက်ထားခြင်းမှာ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ကျဉ်းနေရာများသာမက ချင်းတွင်းမြစ်အတွင်းရှိ ရွှေစာရေးမြစ်ကျဉ်းနှင့် လောင်းဂရိတ် မြစ်ကျဉ်းတို့တွင်လည်း ရေယာဉ်များသွားလာမှု အန္တရာယ်ကင်းရှင်း စေရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ရန် လိုအပ်သောကြောင့် ထိုမြစ်ကျဉ်းဆိုသည့် ဖွင့်ဆိုချက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သော မြစ်ကျဉ်းများလည်း ပါဝင်သည်ဟု ထည့်သွင်း ဖွင့်ဆိုလိုသဖြင့် ပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါသည်။

(ဂ) ဤဥပဒေကြမ်း အပိုဒ် ၃(ခ)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(၂)ပါ Steam- vessels includes a motor-launch or other vessels propelled by mechanical means; and ဟူသောစကားရပ်အား ပယ်ဖျက်ထားပါသည်။ ယခုအခါ မီးထိုးသင်္ဘော မရှိတော့ဘဲ စက်တပ်ရေယာဉ်များသာ ရှိသဖြင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(၂)ပါ ဖော်ပြပါ အပိုဒ်ကို ပယ်ဖျက် ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ဤဥပဒေကြမ်းအပိုဒ် ၃(ဂ)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(၃)တွင်ပါရှိသော Vessels includes a steam-vessel, boat, raft or timber ဟူသည့် စကားရပ်အား (2) Vessels means the powered vessel, non- powered vessel and other kind of vessel that can navigate from one place to another with passengers and cargoes, This expression also includes timber and bamboo rafts ဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်ဖြည့်စွက်ထားခြင်းမှာ မီးထိုးသင်္ဘော မရှိတော့ဘဲ စက်တပ်ရေယာဉ်များသာ ရှိသဖြင့် ရေယာဉ်(Vessel)ဟု ပြင်ဆင်ပြီး Vessel ဆိုသည့် ဖွင့်ဆိုချက်ပါ လှေနှင့် သစ်ဖောင်၊ ဝါးဖောင်များပါ အကျုံးဝင်စေရန် ပေါင်း၍ ဖွင့်ဆို ပြင်ဆင်ဖြည့်စွက်၍ ပုဒ်မ ၂၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၃)တို့ပါ စကားရပ်ကို ပေါင်း၍ ပုဒ်မ ၂၊ ပုဒ်မခွဲ(၂) အဖြစ် ဖွင့်ဆိုထားကြောင်း စိစစ်တွေ့ရှိရ ပါသည်။

(င) ဤဥပဒေကြမ်း အပိုဒ် ၄ (က)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)တွင် ပါရှိသည့် The President of the Union may ဟူသည့် စကားရပ်အား The Ministry of Transport may, with the approval of the Union Government ဟူသည့် စကားရပ်နှင့် အစားထိုး ဖြည့်စွက်ပြင်ဆင်ထားခြင်းမှာ ဤဥပဒေအရ နည်းဥပဒေများ ထုတ်ပြန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ လက်ရှိဥပဒေ ရေးထုံးရေးနည်းနှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ထုတ်ပြန်နိုင်ရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(စ) ဤဥပဒေကြမ်း အပိုဒ်၄(ခ)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ ၂၊ ပုဒ်မခွဲငယ်(ဂ)နှင့်(ဃ)တို့တွင် ပါရှိသည့် Prescribing the earliest and latest hours at which ၏နောက်နှင့် ပုဒ်မခွဲငယ်(ဃ) တွင်ပါရှိသော Prohibiting ၏ နောက်တို့၌ ပါရှိသော Steam - Vessels ဟူသော စာသားအစား Vessel ဟူသောစာသားနှင့် အစားထိုး ပြင်ဆင်ထားခြင်းမှာ ပုဒ်မ ၂(၂)၌ Steam-Vessels ကို Vessels ဟု ပြင်ဆင်အစားထိုး ဖွင့်ဆိုထားသဖြင့် ပုဒ်မ ၃(၂) (ဂ)နှင့် (ဃ) တို့တွင် ပါရှိသော Steam-Vessels ဆိုသည့် စကားရပ်များကို Vessels ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါသည်။

(ဆ) ဤဥပဒေကြမ်း အပိုဒ်၄(ဂ) ပုဒ်မ ၃၊ ပုဒ်မခွဲ(၂) ပုဒ်မခွဲငယ်(ဈ)တွင် ပါရှိသည့် requiring the persons in charge of rafts to report the arrival of the rafts at specified places to officer ဟူသည့်စာသား၏ နောက်တွင် ပါရှိသော appointed by the Deputy Commissioner of the district ဟူသော စာသားအစား authorized by the Directorate of Water Resources and Improvement of River Systems ဟူသောစာသားဖြင့်လည်းကောင်း၊ ဤစာပိုဒ်၏ စာသားအဆုံးတွင် ပါရှိသော arrival at Bhomo ဟူသော စာသားအစား arrival at any specified station of the said Directorate ဟူသော စာသားဖြင့်လည်းကောင်း၊ အစားထိုးဖြည့်စွက် ပြင်ဆင်ထားခြင်းမှာ ဗန်းမော်မြစ်ကျဉ်းသာမက အခြားသော မြစ်ကျဉ်းများရှိ စစ်ဆေးရေးရုံးများတွင်ပါ အကျုံးဝင်စေရန်အတွက် ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဇ) ဤဥပဒေကြမ်း အပိုဒ် ၅၊ ပုဒ်မ ၄ တွင် ပါရှိသည့် Any breach of any rule made under this Act may, on conviction ဟူသော စာသား၏နောက်တွင် ပါရှိသော be punished with fine which may extend to one thousand kyats ဟူသောစကားရပ်အား be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both ဟူသော စကားရပ်နှင့် အစားထိုးဖြည့်စွက် ပြင်ဆင်ထားခြင်းမှာ လက်ရှိဥပဒေ ပုဒ်မ ၄ ပါ ငွေဒဏ်ကျပ် ၁၀၀၀ အထိ ချမှတ်ရန် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်မှာ နည်းလွန်းနေသည့်အပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ

ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (အမှတ်၊ ၈/၂၀၀၆) ပုဒ်မ ၂၆ ပါ ပြစ်ဒဏ်နှင့် ဆီလျော်စေရန် တိုးမြှင့်ပြီး ထောင်ဒဏ်နှင့်ငွေဒဏ်ကို ဂဏန်းဖြင့် ဖော်ပြထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ပါ၍ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြစ်ကျဉ်း သွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးတင်ယု (ဥပဒေကြမ်းကော်မတီဝင်)**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးတင်ယု က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၆၀
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၀-၃-၂၀၁၃ ရက်နေ့တွင် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် (၁၈-၆-၂၀၁၃)ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အပိုဒ်(၅)ခုပါရှိပါသည်။

ကော်မတီ၏ လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရ ပါသည် -

(က) ဤဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၈ တွင် ပါရှိသည့် The President of the Union may ဟူသော စကားရပ်အစား The Ministry of Transport May, with the approval of the Union Government ဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်ထားခြင်းမှာ ဤဥပဒေအရ နည်းဥပဒေများ ထုတ်ပြန်ပိုင် ခွင့်နှင့်စပ်လျဉ်း၍ လက်ရှိ ဥပဒေရေးထုံး ရေးနည်းနှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြု ချက်ဖြင့် ထုတ်ပြန်နိုင်ရန် ပြင်ဆင်ရေးသားထားကြောင်း စိစစ်တွေ့ရှိ ရပါသည်။

(ခ) ဤဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၉ တွင် ပါရှိသည့် for a term which may extend to six month, or with fine which may extend to five hundred kyats, or with both ဟူသော စကားရပ်အား for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both ဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်ထားခြင်းမှာ လက်ရှိဥပဒေပုဒ်မ(၉)ပါ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်ငွေကျပ် ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ခုလုံးဖြစ်စေ ချမှတ်ရန် ပြဋ္ဌာန်း ထားသော ပြစ်ဒဏ်မှာ နည်းလွန်းနေသည့်အပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ (အမှတ်၈/၂၀၀၆) ပုဒ်မ ၂၆ ပါ ပြစ်ဒဏ်နှင့် ဆီလျော်စေရန် တိုးမြှင့်ပြီး ထောင်ဒဏ်နှင့်ဒဏ်ငွေကို ဂဏန်းဖြင့် ဖော်ပြ၍ ပြင်ဆင်ရေးသားထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) ဤဥပဒေကြမ်း အပိုဒ် ၄၊ ပုဒ်မ ၁၂ တွင် ပါရှိသည့် Nothing here in contained shall be deemed to prevent the excrcise by ဟူသော စာသား၏ နောက်တွင် ပါရှိသော The President of the Union ဟူသော စကားရပ်အစား The Ministry of the Transport ဟူသော စကားရပ်နှင့် အစားထိုး ပြင်ဆင်းထားခြင်းမှာ လက်ရှိ ဥပဒေ ပုဒ်မ ၁၂ ပါ The President of the Union အစား ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ကို အစားထိုး ပြင်ဆင်ရေးသားထားကြောင်း စိစစ်တွေ့ရှိရ ပါသည်။

(ဃ) ဤဥပဒေကြမ်း အပိုဒ်၅ ပုဒ်မ ၁၃ ပါ This act shall not extent to any part of Upper Burma unless it is extended thereto by the President of the Union by notification ဟူသော စာပိုဒ်တစ်ခုလုံးအား This act shall extend to the whole of the Republic of the Union Myanmar ဟူသော စာပိုဒ်ဖြင့် အစားထိုး ခြင်းမှာ ဥပဒေပြဋ္ဌာန်းသည့်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အာဏာတည်စေရန်အတွက် ပြင်ဆင်ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ပါ၍ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၂း၁၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၂း၁၇)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၂၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။ [အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၁၅-၃-၂၀၁၃ ရက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးပေါ်လျှံလွင် တင်သွင်းထားတဲ့ ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်

ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၇။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ ဧည့်သည်တော်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ၏ ဘာသာရေးဆိုင်ရာ လုပ်ငန်း အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရ၏ အစီအမံများဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ဖတ်ကြားခွင့်နှင့် အင်္ဂလိပ်လို အနည်းအကျဉ်း သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လွှတ်တော်ကြီးရဲ့ အဓိကတာဝန်ကြီး (၂)ရပ်ကလည်း ဥပဒေပြုရေး (Legislation)နှင့် ထိန်းကျောင်းတဲ့လုပ်ငန်း Check and Balance နှင့် Controlling of National Budget နိုင်ငံတော်ဘတ်ဂျက်ကို ထိန်းကျောင်းစိစစ် ခွင့်ပြုပေး ရသော တာဝန်ကြီးဖြစ်လို့နေပါတယ်။

တစ်နေ့တုန်းက ဝန်ကြီးချုပ်နဲ့တွေ့ဆုံတဲ့အခါ ဘာသာရေးပွဲမိန့်(၂)လ ကြိုတင်တောင်းရတဲ့ ဟာတွေ (၇)ဌာန၊ (၈)ဌာနတို့ရဲ့ ထောက်ခံချက်တွေရယူ၍ သာရေး၊ နာရေးပွဲများ၌ပေါ်တဲ့ အမဲ၊ ဝက်ခေါင်းအခွန် ကင်းလွတ်ဖို့ ဆွေးနွေးကြတော့ ဟာ ဦးဂျေယောဝူ နေပြည်တော် လွှတ်တော်မှာ ဆွေးနွေးပေးပါ။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ဒီအတိုင်းပဲ ဖြစ်နေတယ်။ ပြည်ထောင်စု လွှတ်တော်က ဥပဒေတွေပြုပေးမှ ကျွန်တော်တို့က အဲဒီလို လိုက်နာကြရမှာဖြစ်တယ်လို့ ဖြေကြားခဲ့ ပါတယ်။ ဒါကြောင့် လွှတ်တော်မှာ တင်ပြကြတော့ ကျွန်တော်တို့နယ်မှာ ဘာသာရေး၊ သာရေး၊ နာရေး အမဲခေါင်းအခွန်များ ကင်းလွတ်ကြရတဲ့အတွက် လွှတ်တော်ကို အထူးတလည် ကျေးဇူးတင် ကြရပါတယ်။

အဆိုရှင်၏အဆို၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၂၊ ၃၆၃ တို့အပြင် ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၀၊ ပုဒ်မ၃ခဲ့(က)၊ (ခ)၊ ပုဒ်မ၃၆၁၊ ၃၆၄၊ ၃၆၈ တို့ကိုခြုံငုံကြည့်ခြင်းအားဖြင့် ပုဒ်မ ၃၈၃ နိုင်ငံသား တိုင်းစောင့်ထိန်းရန် တာဝန်ရှိသည့် တို့တာဝန်အရေး(၃)ပါးကို မဆန့်ကျင်လျှင် နိုင်ငံသားတိုင်း ဘာသာရေး လွတ်လပ်ခွင့် တန်းတူညီမျှ အခွင့်အရေးနဲ့ တာဝန်များရရှိမည်ဟု ကောက်နုတ်လို့ ရပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် တို့တာဝန်အရေး(၃)ပါးကို အားသစ်လောင်းစေရာလည်း ရောက်မှာဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၀ မှသည် ၃၉၀ အထိ ခြုံငုံကြည့်လျှင်လည်း တိုင်းရင်းသား လုပ်သားပြည်သူများသည်လည်း နိုင်ငံတော်အပေါ် သစ္စာရှိ၍ စောင့်ထိန်းအပ်သော

တာဝန်များ၊ ဝတ္တရားများလည်း ရှိတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဃ) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၏ တာဝန်ခံများ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းရမည်လို့ ဆိုထားပါတယ်။ ဒါကြောင့် လိုအပ်ပါက ဥပဒေများပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ဤကောင်းမြတ်သော လောကုတ္တရာအရေး၊ ဝိဉာဥ်ရေးရာ ကုသိုလ်ပါရမီတိုးပွားရန် လုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်ဖြစ်တဲ့ အဆိုရှင် အဆိုမှာ ဒေသခံတိုင်းရင်းသား များ၏ ရှေးယခင်ကတည်းက တည်ထားကိုးကွယ်ကြရတဲ့ ဘုရားစေတီပုထိုးများ၊ ဗိမာန်တော်ကြီးများ၊ ဘုရားကျောင်းတော်ကြီးများ၊ သာသနိကကျောင်းများ ပြုပြင်မွမ်းမံခွင့် လူဦးရေ တိုးပွားလာတာနဲ့အမျှ ဘုရားမြေဥ္စပင် တိုးချဲ့ဆောက်လုပ်ခွင့်များကို ကြန့်ကြာမှုအခက်အခဲ မရှိရလေအောင် ပြည်နယ် ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ပြည်ထောင်စုသာသနာရေးဝန်ကြီးထံ အကြောင်းကြား၍ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ခွင့်ပြုပေးနိုင်ပါက ကောင်းမြတ်သော အဆို ဖြစ်လေရာ ပြည်သူများ၏ ယုံကြည်အားကိုးမှု တိုးပွားရာအကြောင်းလည်း ဖြစ်ပေါ်လာပါလိမ့်မယ်။

ကျင်းပနေကြဖြစ်သော ဘာသာရေး ရိုးရာပွဲတော် ပွဲမိန့်များကိုလည်း ခရိုင် သို့မဟုတ် မြို့နယ်မှ ခွင့်ပြုပေးသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ အခုအချိန်မှာဆို နတလကျောင်းမှာ ခရစ်ယာန်၊ အခြားဘာသာမှ ကျောင်းသူ/ကျောင်းသားများကိုလည်း လက်ခံနေပါပြီလို့ နယ်စပ်ဝန်ကြီးက ဖြေကြားခဲ့ပါတယ်။ စစ်တက္ကသိုလ်၊ စစ်သူနာပြုတက္ကသိုလ် ဖိတ်စာများတွေလည်း သတင်းစာမှာ ဝေဝေဆာဆာ ဖော်ပြခေါ်ယူလာတာကိုလည်း အားတက်ဖွယ်ဖြစ်သလို ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၄၈ မှာလည်း နိုင်ငံတော်သည် မည်သည့်နိုင်ငံသား တစ်ဦးတစ်ယောက်ကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနအဆင့်အတန်း၊ ယဥ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟု အတိအလင်း ပြဋ္ဌာန်းလို့ထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ အလေးအနက် တင်ပြတောင်းဆိုလိုတာက ပြည်ထောင်စုမြန်မာ နိုင်ငံတော် တစ်နံတစ်လျားမှ ပြည်သူများ၏ဆန္ဒနှင့် ကျွန်တော်တို့ တိုင်းရင်းသား ကိုယ်စားလှယ် များ၏ ဆန္ဒလည်းဖြစ်တဲ့ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ရဲ့ မြို့တော်ကြီး နေပြည်တော်မှာ ပုဒ်မ ၃၆၁၊ ပုဒ်မ ၃၆၂ မှာဖော်ပြတဲ့ ဘာသာကြီး(၅)ပါး၏ ဗိမာန်တော်များကို နိုင်ငံတော်အစိုးရကပဲ တာဝန်ယူ ဆောက်လုပ်လှူဒါန်းပေးပါရန်၊ ဤသို့ ဆောက်လုပ်ပေးပါက ပါဝင်လှူဒါန်းကြရန် ဆန္ဒ ပြင်းပြလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

ပုဒ်မ ၃၆၃ မှာ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ၊ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ပုဒ်မကိုလည်း အကောင်အထည်ဖော်ရာလည်း ရောက်မှာ ဖြစ်သလို ဖေးမကူညီရာလည်းရောက်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုလည်း ပိုမိုခိုင်မြဲရာ ရောက်ပါလိမ့်မယ်လို့ ဆွေးနွေးရင်း ဦးပေါ်လျှံလွင် ၏ ဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံ များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃:၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၃၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော် ဦးပေါ်လျှံလွင် ရဲ့ အဆိုဖြစ်တဲ့ ဘာသာရေးဆိုင်ရာ အစီအမံ များကို ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပေးနိုင်ပါရန် ဆိုတဲ့ အဆိုကို ကျွန်တော် ဆွေးနွေးသွားပါ့မယ်။

ကျွန်တော် အခြေခံဥပဒေကို လေ့လာတဲ့အချိန်မှာတော့ ဒီဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံကို ဇယား(၂)မှာလည်း မတွေ့ရဘူး။ ဇယား(၁)မှာလည်း မတွေ့ရဘူး။ ဆိုတော့ ကျွန်တော့် အမြင်မှာတော့ ကြွင်းကျန်အာဏာအနေနဲ့ Residuary Power ဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ မှားရင်လည်း မှားမှာပေါ့။ ဆိုတော့ ဒီကျွန်တော် အဲဒီလို ဖြစ်တဲ့အတွက် ကြောင့်မိုလို့ ကြွင်းကျန် အာဏာသည် ဒီပုဒ်မ ၂၁၆ အရပေါ့နော်၊ မဟုတ်ဘူး။ ဒီကျွန်တော်တို့ ကြွင်းကျန်အာဏာသည် ပြည်ထောင်စုလွှတ်တော်ရဲ့ အစီအမံအောက်မှာပဲ ရှိတယ်ဆိုတော့ ဒီပုဒ်မ ၂၁၆ အရ ဒီပြည်ထောင်စု လွှတ်တော်က ဥပဒေပြုနိုင်တဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဒီ ပြည်ထောင်စုအစိုးရရဲ့အာဏာ အောက်မှာရှိတယ်ဆိုတော့ ကျွန်တော်က ဒီ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့အောက်မှာ ဆောင်ရွက်လို့ရတဲ့ အနေအထားမှာရှိတယ်လို့ ကျွန်တော် ထင်မိတယ်။

သို့သော် ကျွန်တော်တို့ နိုင်ငံရေးကို နိုင်ငံတော်သမ္မတရဲ့ မိန့်ခွန်းကိုလည်း ကျွန်တော် နားထောင်တဲ့ အချိန်မှာ နိုင်ငံရေးဆိုတာ အရှင်ဖြစ်တယ်။ ကျွန်တော်တို့ အခြေခံဥပဒေမှာ ဒီလို ပြဌာန်းတယ်။ ဒီလိုပြဌာန်းပေမယ့် ဒီလို Full Stop ဆိုပြီးတော့ ကျွန်တော်တို့ ယူဆလို့မရဘူး။ ကျွန်တော်တို့ အခုကျွန်တော်တို့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးစားနေကြပါတယ်။ ဒီကြိုးစား မပြင်ခင်မှာလည်း ကျွန်တော်တို့ နိုင်ငံတော်သမ္မတဆီမှာ ကျွန်တော်တို့ဟာ ဒီပြည်ထောင်စုမှာ စီမံ ခန့်ခွဲခွင့်ရှိတဲ့ အာဏာကို၊ အစိုးရပိုင်းဆိုင်ရာအာဏာကို လွှဲအပ်ခံနေရတဲ့ အတွက်ကြောင့်မိုလို့ သူ့အနေနဲ့ အာဏာအများကြီးကို ပြည်နယ်တွေမှာ ပေးလို့ရတယ်လို့ ကျွန်တော်ထင်တယ်။ ဆိုတော့ ဒီအခုမပြင်ခင်မှာလည်း တခြားကဏ္ဍတွေမှာရောဒီ ဘာသာရေးဆိုင်ရာစီမံခန့်ခွဲခွင့် ကဏ္ဍအပြင်ပေါ့ တခြားကဏ္ဍတွေမှာလည်း ကျွန်တော်၊ ကျွန်တော့်အမြင်မှာတော့ ဒီသူ့ရဲ့အာဏာနဲ့ ဒီကျွန်တော်တို့ ပြည်နယ်တွေကို၊ တိုင်းဒေသကြီးတွေကို တော်တော်အများကြီးကို လွှဲအပ်လို့ရတယ်လို့ ကျွန်တော် မြင်ပါတယ်။

အခြေခံဥပဒေမှာလည်း ကျွန်တော်တို့လေ့လာလိုက်တဲ့အချိန်မှာ အဲဒီလိုပုံစံမျိုးပဲ ပုဒ်မ ၄၅၅ မှာ တွေ့ရပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံပေါ့။ စီမံခန့်ခွဲမှုပိုင်းမှာ ကျွန်တော်တို့ လေ့လာတဲ့အချိန်မှာ၊ လက်လှမ်းမီသလောက်လေ့လာတဲ့အချိန်မှာ နိုင်ငံတော်တော်များများမှာ ဒီဘာသာရေး၊ သာသနာရေးဝန်ကြီးဌာနဆိုတာ ပြည်ထောင်စုမှာ မထား တာကို တွေ့ရပါတယ်။ ဒီကိစ္စရပ်တွေကိုတော့ ဒီစီမံခန့်ခွဲမှုကဏ္ဍလေးတွေကို အုပ်ချုပ်ရေးပိုင်းကပဲ

ခွင့်ပြုသင့်တဲ့ဟာလေးတွေကို ခွင့်ပြုပြီးတော့ ဒီလိုပဲ ဒီကျွန်တော်တို့ လုပ်ကြတာကို ကျွန်တော်တို့က လက်လှမ်းမီသလောက် တွေ့ရပါတယ်။ ဆိုတော့ကာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရမှာ ဒီဘာသာ၊ သာသနာရေးဝန်ကြီးဌာနကို ထားတဲ့အချိန်ကြတော့ အယူအဆ၊ အမြင်လွဲလို့ရတဲ့ အပိုင်းတွေပေါ့။ ကျွန်တော်တို့ အစိုးရက သာသနာပြုဖို့ ကြိုးစားတာလား။ အဲဒီမျိုးလေးတွေ။ ဆိုတော့အဲဒီမျိုးလေးတွေ စွပ်စွဲလို့မရအောင် ကျွန်တော်တို့ သူ့ပြည်နယ်နဲ့သူ၊ သူ့တိုင်းဒေသကြီးနဲ့သူ သူတို့ရဲ့အုပ်ချုပ်ရေးပိုင်းက စီမံခန့်ခွဲပြီးတော့ ခွင့်ပြုသင့်တဲ့ ဟာလေးတွေကို ခွင့်ပြုပြီးတော့ ဒီလိုပဲ ထိန်းကျောင်းလို့ရတယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။

ဒီယုံကြည်ကိုးကွယ်မှုပိုင်းဆိုင်ရာမှာ အခြေခံဥပဒေကို လေ့လာတဲ့အချိန်မှာ အခြေခံမူများကတော့ ပုဒ်မ၃၄ မှာ ဘယ်လိုပြဋ္ဌာန်းခဲ့သလဲဆိုရင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးအတွက် လွတ်လပ်စွာ ယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သောအခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်လို့ ရေးထားပါတယ်။ ဆိုတော့ ကျွန်တော်တို့ဒီမှာ သဘောပေါက်တဲ့ ပုံစံအရပေ့ါ။ ကျွန်တော်တို့ ဒီဘာသာရေး၊ ဒီရှိပြီးသား ဘာသာရေးများ အပြင်မှာတောင်မှ ကျွန်တော်တို့ အသစ်တောင်မှ ထွင်လို့ရတယ်။ တည်ဆောက်ယူလို့ရတယ်။ လွတ်လွတ်လပ်လပ် ဆိုတော့ သာသနာရေးဆိုင်ရာ ဒီအစီအမံတွေက ပုဂ္ဂလိက လူတစ်ဦးတစ်ယောက်က လွတ်လွတ်လပ်လပ် သူကဆောင်ရွက်ရမယ့် အပိုင်းတွေပဲဖြစ်တယ်။ ကျွန်တော်တို့ အစိုးရက ဆောင်ရွက်ရမယ့်အပိုင်း မဟုတ်ဘူး ဆိုတာကို ကျွန်တော့်အမြင်ကဒီ အခြေခံဥပဒေအရ ကျွန်တော် မြင်ပါတယ်။ ဆိုတော့ အရင်တုန်းက ကြားကြားနေတဲ့ One Country, One Religion, One Language ဆိုတဲ့မူတွေ ရှိခဲ့တယ်။ ဘာညာပေ့ါ။ အဲဒီလိုမျိုးပုံစံဆိုရင် ဒီအခြေခံဥပဒေရ ဆိုရင်တော့ အဲဒါတွေလည်း ဆန့်ကျင်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ဆိုတော့ ဒီခေတ် ဒီကာလမှာဆိုရင်တော့ လက်လှမ်းမီသလောက် လေ့လာရတဲ့အခါမှာ တော်တော်များများရှိပြီးသာ ဘာသာတောင်မှ မယုံကြည် မကိုးကွယ်ချင်တော့ဘဲနဲ့ သူတို့ဘာသာ အသစ်ထွင်လာတာတွေ အများကြီးတွေ့ရှိပါတယ်။ လျှို့ဝှက်ဘာသာ သို့မဟုတ်လို့ရှိရင် အချို့မှာ Free Thinking အားလုံးကိုလည်း ယုံကြည်တယ်၊ အားလုံးကိုလည်း မယုံကြည်ဘူး လွတ်လွတ်လပ်လပ် တွေးခေါ်တယ်။ တချို့တွေက အသစ်ထွင်တယ်။ Freemason လို့ သူ့ဟာသူ ဘယ်လိုပုံစံမျိုးနဲ့ လုပ်သလဲဆိုတာကို မသိဘူး။ ရှိပြီးသား ဘာသာကြီးထဲမှာတော့ လုံးဝမပါဘူး။ အဲဒီလိုမျိုးပေ့ါ။ အဲဒီတော့ ဒီလိုမျိုးယူဆပြီးတော့ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်ခွင့်ကို ကျွန်တော်တို့ကို အခြေခံဥပဒေက ကျွန်တော်တို့ကို ပေးထားတယ်လို့ ကျွန်တော်မြင်တယ်။ ဆိုတဲ့အချိန်ကြတော့ ဒီ သာသနာရေးအစီအမံတွေအားလုံးကတော့ လူပုဂ္ဂိုလ်တစ်ဦး Individual အားဖြင့် ကျွန်တော်တို့ စီမံရမယ့် အပိုင်းတွေဖြစ်တယ်။ အစိုးရက ထိန်းချုပ်တာတော့ ထိန်းချုပ်တာပေ့ါ စီမံရမယ့်အပိုင်း မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

အဲဒါကြောင့် ဒီလူတိုင်းကို လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်နဲ့ လွတ်လွတ်လပ်လပ် စီမံပိုင်ခွင့် ဗဟိုကနေ ထိန်းချုပ်တဲ့အဆင့်ကနေ ပြည်နယ် စီမံခန့်ခွဲတဲ့ အုပ်ချုပ်ရေးဆိုင်ရာဌာနတွေကနေ စီမံခန့်တဲ့အဆင့်လောက် လျှော့ချပြီးတော့ အာဏာကိုပေးမှုကို ကျွန်တော်က အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ ဒါ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၄။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် ယခု ဆွေးနွေးသွားမယ့် အဆိုကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျံလွင် တင်သွင်းသွားသော ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဆွေးနွေးချက်အရ ဤအဆိုသည် လွှတ်တော် (၂)ရပ်ပေါင်း အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီတို့၏ ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နယ်မြေကွင်းဆင်းလေ့လာရေး ခရီးစဉ်တွင် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဆက်လက်၍ တင်ပြခြင်းဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ပါတယ်။ အဆိုရှင်၏ တင်ပြချက်တွင် ၁။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂၊ ၃၆၃ တို့တွင် ပြဋ္ဌာန်းထားသည့် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများ ဟူ၍ အသိအမှတ်ပြုသည်။ အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီ စောင့်ရှောက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ရှိသူများက လက်တွေ့အကောင်အထည် ဖော်ရာတွင် အခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးစေလိုကြောင်း တင်ပြထားပါတယ်။

နံပါတ်(၂)ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ တွင် နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့အပြင် လူမှုရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်း ကွဲခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်း ရှိသော အပြုအမူသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေး နိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု ဖော်ပြထားသော်လည်း ယခင် ဘာသာရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြဿနာ အခက်အခဲများ ဖြစ်ပေါ်စေခြင်း၊ အခြားအချို့သူများသည် ဘာသာရေးဆိုင်ရာ အထင်ကရ အထိမ်းအမှတ်များကို မထီမဲ့မြင်ပြုခြင်း၊ ဘာသာရေးကို အကြောင်း

ပြုပြီး ခွဲခြားဆက်ဆံမှုများရှိခြင်းတို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အားနည်းစေကြောင်း တင်ပြသွားခဲ့ပါတယ်။

ထို့အပြင် ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း ပြုလုပ်ရန်နှင့် စပ်လျဉ်းသော ခွင့်ပြုမိန့်ရရန် ခက်ခဲခြင်း၊ နှောင့်နှေးခြင်းများရှိကြောင်းကိုလည်း တင်ပြသွားခဲ့ပါတယ်။ နိုင်ငံတော်မှ ဘာသာရေးဆိုင်ရာ ထောက်ပံ့ငွေများ ပေးရာတွင် ဘာသာအသီးသီးတို့အား သင့်လျော်သလို အချိုးကျခံစားခွင့် ပေးသင့်ကြောင်းလည်း တင်ပြသွားခဲ့ပါတယ်။ အထက်ပါကိစ္စရပ်များကို ဆောင်ရွက်ပေးရာတွင် ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့် တင်ပြနေရ၍ ကြန့်ကြာမှု၊ နှောင့်နှေးမှုများ မကြုံရအောင် ပြည်သူနှင့် အနီးကပ်ဆုံးရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ဆောင်ရွက်ပေးပါက အထိရောက်ဆုံးဖြစ်မည်ဖြစ်၍ ဤအဆိုကို တင်ပြခြင်းဖြစ်ကြောင်း တင်ပြသွားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြချက်များသည် အထူးပဲမှန်ကန်သင့်လျော်သည့်အတွက် ကျွန်တော့်အနေနဲ့ ဤအဆိုကို ထောက်ခံဆွေးနွေးသွားမည် ဖြစ်ပါတယ်။ သို့ရာတွင် အဆို၌ပါရှိသော ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကိုဆိုသည့် စကားရပ်ကိုတော့ ဘာသာရေးဆိုင်ရာ အချို့သော လုပ်ငန်းအစီအမံများကိုလို့ ပြင်ဆင်စေချင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အားလုံးသော ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများဟာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လုပ်ဆောင်နိုင်သော ကိစ္စများမဟုတ်ဘဲ ပြည်ထောင်စုအစိုးရကသာ ဆောင်ရွက်နိုင်သောကိစ္စများလည်း ရှိနေတာကြောင့် ပြည်ထောင်စုအစိုးရကသာ ဆောင်ရွက်နိုင်သောကိစ္စများကိုတော့ ခြွင်းချန်ရမှာဖြစ်ပါတယ်။

သို့ရာတွင် အတတ်နိုင်ဆုံးဖြေလျှော့မှုများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက လုပ်နိုင်အောင် လုပ်ငန်းတာဝန်များ ခွဲဝေပေးသင့်ပါတယ်။ ဥပမာအနေဖြင့် တင်ပြရလျှင် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ မက္ကာဘုရားဖူးသွားကြမည့် အစ္စလမ်ဘာသာဝင်များအနေဖြင့် နိုင်ငံကူးလက်မှတ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများက လုပ်ပေးနိုင်မှာမဟုတ်ဘဲ ပြည်ထဲရေးဝန်ကြီးဌာနကသာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဘာသာရေးကိစ္စရပ်တိုင်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များက လုပ်ပေးပါဆိုရင် ကိုယ့်တင်ပြချက်နဲ့ကိုယ် အခက်အခဲ ပြန်ဖြစ်နိုင်ပါတယ်။

သို့ရာတွင် အချို့သောဘာသာ မတူသူများက ဘာသာရေးဆိုင်ရာ အထင်ကရ အထိမ်းအမှတ်များကို မထီမဲ့မြင် ပြုမယ်ဆိုရင်တော့ အရေးယူမှုကို ပြည်နယ်၊ တိုင်းဒေသကြီးများက ဆောင်ရွက်ခွင့်ရှိသင့်သလို ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကပဲ ဆောင်ရွက်ခွင့်ပေးနိုင်အောင် ဖြေလျှော့ပေးသင့်ပါတယ်။ သို့ရာတွင် ဘာသာရေးဆိုင်ရာ အထောက်အပံ့များ ပေးရာမှာတော့ နိုင်ငံတော်လို့ ဆိုထားတဲ့အတွက် ပြည်ထောင်စုအစိုးရကသာ ဆောင်ရွက်ပေးရမယ့် ကိစ္စဖြစ်နေပြန်ပါတယ်။ ဒါကြောင့် အချို့သောဆိုတဲ့ စကားလုံးကို သုံးစေချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားအားလုံး မဖြစ်မနေ သတိပြုသင့်တာကတော့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၆၁ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူး

ဝိသေသနှင့် ပြည့်စုံသည့် ဘာသာ၊ သာသနာဖြစ်သည် ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဆိုသည့် အချက်ပဲဖြစ်ပါတယ်။ ထိုအချက်ကိုတော့ အားလုံးလက်ခံလိုက်နာရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘာသာ၊ သာသနာသည် လူသားတို့၏ ကောင်းကျိုးချမ်းသာကိုသာ ဖော်ဆောင်ပေးပြီး မှန်ကန်သော အကျင့်သီလကို ထိန်းသိမ်းနိုင်အောင် သွန်သင်ဆုံးမပေးတာဖြစ်လို့ ဘယ်ဘာသာပဲ ကိုးကွယ်ပါစေ မိမိယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်အား အခြေခံဥပဒေက ပြဋ္ဌာန်းပေးထားတာ ဖြစ်ပါတယ်။

တစ်ခါတစ်လေတော့ လူ့ဘောင်အသိုင်းအဝိုင်းမှာ ရှင်းမရတဲ့ ရှုပ်ထွေးနေသော ကိစ္စများ ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတစ်ကျောင်းရဲ့ သာသနာ့မြေအဖြစ် လျှောက်ထားမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်ခွင့်ကို လိုက်လံဆောင်ရွက်ဖူးပါတယ်။ သတ်မှတ်ချက်များပြည့်စုံအောင်ဆောင်ရွက်ဖို့ အလွန်ခက်ခဲပါတယ်။ သာသနာ့မြေမကျသေးပေမယ့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ခွင့် မကျသေးပေမယ့် ဆရာတော်က တင်တင် လျှောက်လျှောက် ဆောက်ဆောက်မို့ အဆောက်အအုံ ပေါ်လာပေမယ့် သာသနာ့မြေ မကျလို့ အခက် တွေ့ရပါတယ်။ အလားတူပါပဲ အစ္စလမ်ဘာသာ စာသင်ကျောင်းတစ်လုံး ဆောက်ခွင့်တင်ထားပြီး ကြာပြီ စုံစမ်းပေးပါဆိုလို့ စုံစမ်းကြည့်တော့ ဒီလျှောက်ထားတဲ့ စာဟာ သက်တမ်း(၁၀)နှစ်ကျော် ကြာနေပြီး သာသနာရေးဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘယ်ဌာနမှာ ဘယ်အဆင့် ရောက်နေမှန်းကို ရှာလို့မရပါဘူး။ ဝန်ထမ်းများအပြောင်းအရွှေ့၊ ဌာနအပြောင်းအရွှေ့၊ ဌာနနေရာ အပြောင်းအရွှေ့များကြောင့် ပျောက်ဆုံးနေပါတယ်။ မြေပြင်မှာတော့ အဆောက်အဦးက ဆောက်လုပ်ပြီးတာ (၇)နှစ်လောက်ကြာနေပြီ ဖြစ်ပါတယ်။ အသစ်ပြန်လျှောက်ရင်လည်း ဘယ်လိုလျှောက်ရမှန်း မသိတော့ပါဘူး။ အလားတူပါပဲ တစ်ဖန် ဟိန္ဒူဘုရားကျောင်း ဘုရားရှိခိုးကျောင်း နှစ်ပေါင်း(၁၀၀) ကျော်ကြာပြီး ပျက်စီးနေလို့ ပြင်ဆင်ခွင့် လျှောက်ထားတာကို ကူညီပေးပါဆိုလို့ စလိုက်ကြည့်တော့ နှစ်ပေါင်း(၁၀၀)ကျော်ကတည်းက ရှိခဲ့တဲ့ အဆောက်အဦ မှန်ပေမယ့် သာသနာမြေအဖြစ် စာရင်းမဝင် သေးဘူး ဖြစ်နေပါတယ်။ ဘယ်လို ပြန်စရမလဲမသိဘူး ဖြစ်နေတာကြောင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံး ကိုပဲသွားပြီး တင်ပြပြီးလိုအပ်တဲ့အကူအညီနဲ့ ဆောင်ရွက်လို့ရမယ့် လုပ်ထုံးလုပ်နည်းတွေကို ကူညီပေးဖို့ တင်ပြရင် ပြင်ဆင်ခွင့်တင်တာ (၈)လကျော်ပေမယ့် ဘာမှ မထူးသေးပါဘူး။ အထူးသဖြင့်တော့ ဘာသာရေးအဆောက်အအုံများကိစ္စဆိုရင် တာဝန်ရှိပုဂ္ဂိုလ်များဟာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ လမ်းညွှန်မှုမျိုးကို မပေးဘဲ နည်းလမ်းမျိုးစုံနဲ့ ရှောင်နေကြပါတယ်။

ယခင်က ဒီလိုရှောင်နေတဲ့ အတွက်လည်း ဆောက်လုပ်ခွင့်ကိစ္စတွေ ကျမလာဘဲ အဆောက်အအုံတွေ ဆောက်ဖြစ်သွားပါတယ်။ ဆောက်ပြီးတော့လည်း အထက်အကြီးအကဲများ မသိရင်ပြီးသွားပါတယ်။ အထက်အကြီးအကဲတွေသိတော့ ဥပဒေနဲ့မညီတဲ့အခါ တရားစွဲခံရပြီး အရေးယူခြင်းခံ ကြရပါတယ်။ ဒါကြောင့် ပွင့်လင်းမြင်သာစွာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ခွင့်ကို ရစေချင်ပါတယ်။ တစ်ခါတစ်ရံ ဘာသာရေးအဆောက်အအုံကိစ္စနဲ့ ရှေးဟောင်း ယဉ်ကျေးမှုထိန်းသိမ်းရမယ့်ကိစ္စတွေ ရောထွေးနေတတ်တာတွေလည်း ရှိပါတယ်။ ဒီလိုကိစ္စတွေမှာ ဝန်ကြီးဌာနတစ်ခုနဲ့ တစ်ခု ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးဖို့ ခက်ခဲတာတွေလည်းရှိပါတယ်။ အဆိုရှင် တင်ပြတဲ့ တင်ပြချက်တွေမှာ အဓိကကတော့ ဗုဒ္ဓဘာသာမဟုတ်ဘဲ နိုင်ငံတော်က ခွင့်ပြုထားတဲ့ အခြား

ဘာသာများသာ ထိုကိစ္စများ ခက်ခဲ နေမယ်လို့ထင်ပုံရပါတယ်။ တကယ်တော့ ဗုဒ္ဓဘာသာဝင်များနဲ့ ပတ်သက်သော သာသနာရေး အဆောက်အအုံများကိစ္စလည်း အလားတူပါပဲ ခက်ခဲမှုများရှိနေတယ် ဆိုတာ သိစေချင်ပါတယ်။ အထူးသဖြင့် အောက်ခြေက စလုပ်ရတဲ့ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များသည် အထက်အကြီးအကဲများ သဘောမကျဘဲ အပြစ်တင်မည်ကို စိုးရွံ့ခြင်းကြောင့် လုပ်ထုံးလုပ်နည်းများ မှားယွင်းမှာကို စိုးရွံ့ခြင်းကြောင့် တင်ပြချက်များကို လျစ်လျူရှု နေကြတာပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အောက်ဆုံးအဆင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကပင် ထောက်ခံချက် လက်မှတ်ထိုး ပေးဖို့ကို ဘာသာရေးအဆာက်အအုံကိစ္စဖြစ်ရင် အလွန်ဝန်လေးတတ်ကြပါတယ်။ ဒါကြောင့် အဆိုရှင် တင်ပြချက်ဟာ မှန်ကန်ပါတယ်။

ယခုလို ပြည်သူများရွေးကောက်ခံ ပြည်သူ့အစိုးရလက်ထက်မှာတော့ ပွင့်လင်းမြင်သာစွာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ခွင့်ပြုပေးသင့်ကြောင်း လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ဖို့ ဘာသာရေးဆိုင်ရာ အချို့သော လုပ်ငန်း အစီအမံများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ၏ စီမံခန့်ခွဲခွင့် ပြုပေးသင့်ပါကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၂။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၉) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် တင်သွားသော ဘာသာရေးဆိုင်ရာ အစီအမံများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ အစီအမံဖြင့် ခွင့်ပြုလုပ်ဆောင်ပေးရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သာသနာရေးဝန်ကြီးဌာနအနေနဲ့ လေ့လာကြည့် ရမယ်ဆိုရင် ဌာနကြီး(၃)ခုရှိပါတယ်။ အဲဒီဌာနကြီး(၃)ခုမှာ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ဆိုပြီး ဌာနကြီး(၃)ခု ရှိပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ရယ်၊ နောက်တစ်ခါ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒါက နိုင်ငံတော်အစိုးရကနေပြီး တိုက်ရိုက်ကိုင်တွယ်ပြီး လုပ်တဲ့ဌာနဖြစ်ပါတယ်။

နောက်တစ်ခုက ဒါကြောင့်မို့ ဒီအပိုင်းမှာ ကျွန်တော်တို့ကျတော့ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းကို လွှဲမပေးသင့်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ သာသနာရေးဦးစီးဌာနပိုင်းကျတော့ စာမေးပွဲ

ဌာန၊ နောက်တစ်ခါ ဝိနစ္ဆယ ဆိုတဲ့ ခုံရုံးဌာန၊ ဒါကလည်း ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းနဲ့ ပူးတွဲပြီးတော့ လုပ်ဆောင်တဲ့ဌာန ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာမေးပွဲဌာနဆိုရင် ဒါ ခုနက လိုပေါ့။ တိပိဋကဓရ ကနေပြီးတော့ နောက်ပိတ်ဆုံး ကျွန်တော်တို့ ဒီကနေ ဓမ္မာစရိယထိအောင် ဒါ ပြည်နယ်နဲ့ တိုင်းနဲ့ ညှိနှိုင်းပြီးတော့ ဒါ ခုနကလိုပေါ့ အစိုးရက ချုပ်ကိုင်လုပ်တဲ့ ဌာနဖြစ်ပါတယ်။

နောက်တစ်ခုက သာသနာ့ မြေဂရန် လျှောက်တဲ့အပိုင်းကျတော့လည်း ပြည်ထဲရေးဌာန တစ်ခုတည်း မဟုတ်ဘူး။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သာသနာရေးဌာန၊ ဒီ(၃)ခု ပေါင်းစပ်ပြီးမှ လုပ်ရမယ့်အပိုင်းဖြစ်ပါတယ်။ အဲတော့ အမှန်အတိုင်းပြောလို့ရှိရင် အဲဒီအပိုင်းမှာ ဒါ သာသနာ့ဂရန်လျှောက်တဲ့အပိုင်းမှာ ကြန့်ကြာတတ်တဲ့အပိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိက အရေးကြီးတဲ့အချက်ကတော့ ဒီ သာသနာရေး ဝန်ကြီးဌာနပဲဖြစ်ဖြစ်၊ အခြားဘာသာပဲဖြစ်ဖြစ် မိမိရဲ့ ပရဝဏ်အတွင်း သာသနာ့နယ်မြေအတွင်းမှာ ကျောင်းပြင်ဆင်ခွင့်၊ ကျောင်းအသစ်ဆောက်လုပ်ခွင့် နောက်တစ်ခါ အဆောင်နေခွင့်၊ ဒါတွေဆောက်တဲ့ အခါမှာ ဘော်ဒါဆောင်ဆောက်တဲ့အခါမှာ ကြန့်ကြာမှုတွေ့ ရှိရပါတယ်။

အဲဒီတော့ ဒါပိုင်းကလည်း ပြန်ကြည့်မယ်ဆိုရင်တော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇(က) မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး မြေပေါ်၊မြေအောက်၊ ရေပေါ်၊ ရေအောက် လေထုအတွင်းရှိ သယံဇာတအားလုံးကို ပင်ရင်းပိုင်ဆိုင်သူ ဖြစ်ပါတယ်လို့ ဖွင့်ဆိုထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သာသနာ့မြေ လျှောက်တဲ့အပိုင်းမှာဆိုရင်လို့ရှိရင်လည်း နိုင်ငံတော်ဆီကို မရောက် ရောက်အောင်လျှောက်မှ ဒါ ခုနလိုပေါ့၊ သာသနာဂရန် ကျပါတယ်။ သာသနာ့ဂရန် ကျပြီး မှလည်း ဒါ ကျောင်းပိုင်ဆိုင်ခွင့်နဲ့ အနေအထားရှိပါတယ်။ ယခုလက်ရှိ တော်တော်များများဆိုလို့ရှိရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဖြစ်ဖြစ်၊ အခြားဘာသာဖြစ်ဖြစ် သာသနာ့ဂရန်မကျဘဲနဲ့ ဆောက်ထားတဲ့ ကျောင်းတွေက ကျူးကျော်ကျောင်းလို့ ကျွန်တော်တို့ သတ်မှတ်ခြင်းခံရမယ်။ ဒါကိုလည်း ကျွန်တော်တို့ သတိပြုထားသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက တင်ပြတဲ့ အချက်အပိုင်းတွေနဲ့ နိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက လုပ်ဆောင်ရမယ့်အပိုင်းရယ်၊ နောက်တစ်ခါ သာသနာရေး ဝန်ကြီးဌာနနဲ့ ပြည်နယ်နဲ့တိုင်း ပူးပေါင်းလုပ်ဆောင်ရန်အပိုင်းရယ်၊ နောက်တစ်ခါ ပြည်နယ်နဲ့ တိုင်းကို ခွင့်ပြုပေးသင့်တဲ့အပိုင်းဟု ဒါ ကျွန်တော်တင်ပြသွားပါမယ်။ အဲဒီတော့ အဓိကအချက်အနေနဲ့ကတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးကို ခွင့်ပြုပေးသင့်တဲ့ဟာကတော့ သာသနာ့နယ်မြေအတွင်းမှာ ကျောင်းအသစ် ဆောက်လုပ်ခွင့်၊ ကျောင်းပြင်ဆင်ခွင့်၊ ကျောင်းဘော်ဒါဆောင် ဆောက်လုပ်ခွင့် ဒါတွေကို ကျွန်တော်တို့ အနေနဲ့ ဒါက သာသနာရေး ဝန်ကြီးဌာနကနေပြီးတော့ ပြည်နယ်နဲ့တိုင်းကို လုပ်ထုံးလုပ်နည်းနဲ့အညီ ပေးသင့်ပါတယ်။ ဒါ့အပြင်လည်း ကျွန်တော်တို့ သာသနာရေးအသင်းအဖွဲ့များ၊ စိစစ်မှတ်ပုံတင်တဲ့ အပိုင်းမှာလည်း ဒါ ခုနလိုပေါ့၊ ဟိုတစ်ခါတင်ပြသွားပါတယ်။ ဦးဂျေယောဝူ၊ ပူတာအိုကနေပြီးတော့၊ လာပြီးတော့၊ သာသနာရေးအသင်းအဖွဲ့ သက်တမ်းတိုးတဲ့အခါမှာဆိုလို့ရှိရင် ကုန်ကျစရိတ်များစွာ၊ ဝေးလံခေါင်းပါးစွာ ဒါတွေကိုလည်း ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်းကို ဒါ သင့်တင့်တဲ့အနေအထားနဲ့ ဒါက ခွင့်ပြုပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာက ချင်းပြည်နယ်

မဲဆန္ဒနယ်အမှတ်(၉)၊ ဦးပေါ်လျှံလွင် တင်သွင်းသွားတဲ့ အဆိုကို အကန့်အသတ်နဲ့ ပြည်နယ်နှင့်တိုင်းကို ခွင့်ပြုပေးသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဦးစိုးဝင်း (ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် တင်သွင်းထားတဲ့ ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဘာသာအသီးသီးရဲ့ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ မူလပုံစံမပျက် ဆောက်လုပ်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းနဲ့ ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနသို့ တင်ပြရန်မလိုဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၄-၁၁-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ တို့သို့ အကြောင်းကြားပြီးဖြစ်သောကြောင့် ယခု လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။ အလားတူပဲ သက်ဆိုင်ရာ ရပ်ကွက်မြို့နယ်များတွင် ဘာသာရေး၊ သာသနာရေးဆိုင်ရာ ပွဲတော်များကျင်းပခြင်း၊ ဘုန်းကြီးတရားပွဲများကျင်းပခြင်း စသည်တို့ကို တင်ပြဆောင်ရွက် နေရာမှ ယခု သာသာရေးဝန်ကြီးဌာနသို့ တင်ပြရန် မလိုဘဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပါရန် အကြောင်း ကြားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏ အဆိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့် အညီဖြစ်ခြင်း၊ ဝန်ကြီးဌာန အနေဖြင့်လည်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေတည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိနေခြင်းတို့ကြောင့် ကိုယ်စားလှယ်တော်ကြီး၏ အဆိုအားဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းတဲ့ ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို

ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့် ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၇၀)မဲ၊ ကန့်ကွက်မဲ(၈)မဲ၊ ကြားနေမဲ(၁၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးပေါ်လျှံလွင် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်းနှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၂။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဒုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အာဆီယံနိုင်ငံများပဲဖြစ်ဖြစ်၊ အခြားနိုင်ငံများမှာပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ICT ဒီမူဝါဒပေါ်လစီများဟာ သက်ဆိုင်ရာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး တိုးတက်မှုအတွက် အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ မူဝါဒပေါ်လစီများကို ချမှတ်ဖို့ တိုက်တွန်းတဲ့နေရာမှာ ဥပမာအားဖြင့် တချို့တိုင်းပြည်မှာရှိတဲ့ မူဝါဒကို တင်ပြပြီး မူ၊ မူဝါဒကို တင်ပြပြီး ဆွေးနွေးရမယ် ဆိုရင် (၁) သူတို့ရဲ့ Infrastructure ကျွန်တော် တချို့ အင်္ဂလိပ် အသုံးအနှုန်း သုံးခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ သက်ဆိုင်ရာ အဆောက်အအုံသူတို့ ICT နဲ့ပတ်သက်တဲ့ အဆောက်အအုံတွေ ပြင်ဆင်ရန်၊ HRD တွေ တိုးရန် Good Governance ဆောင်ရွက်ရန် ဥပမာအားဖြင့် အဲဒီလိုချထားခဲ့ရင် သက်ဆိုင်ရာ ဝန်ကြီးဌာန

အသီးသီး သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးက သူတို့ရဲ့ Master Plan, Master Plan ကို ရေးဆွဲပြီးတဲ့နောက် ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ အဲဒီတော့လိုအပ်တဲ့ ဥပဒေတွေကိုလည်း သူတို့ ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တချို့ Data Protection Law တွေ ဒါမျိုးတွေ ကျွန်တော်တို့က ချမယ်။ Information တွေနဲ့ပတ်သက်တဲ့ Infrastructure ပြောင်းဖို့အတွက် ဥပဒေတွေ ကျွန်တော်တို့က ထုတ်မယ်။ နောက်ကျွန်တော်တို့ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ ဒီဟာတွေအတွက်လည်း ကျွန်တော်တို့ Banking System တွေအတွက် Transaction တွေအတွက် Law တွေကို ကျွန်တော်တို့က ထုတ်မယ်။ ဒါ ကျွန်တော်တို့က ဒီလိုပဲ ဆောင်ရွက်သွားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ Knowledge Base Economy ကို သွားတဲ့အခါမှာ ခုနတုန်းက Infrastructure တွေ ပြောင်းတဲ့အခါမှာ ကျွန်တော်တို့ E-Trade, ခုနတုန်းက ICT နဲ့ပတ်သက်တဲ့ ကုန်သွယ်မှုတွေ ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဒီဟာတွေ ကုန်သွယ်ရေးတွေ ဆောင်ရွက်ဖို့ ဒီဟာတွေကို လိုက်နာဆောင်ရွက်ကြရမှာပါ။ သူ့ရဲ့ ခုန ပေါ်လစီတွေကို ချထားတယ်။ သို့သော် ဒီဟာတွေကို လိုက်နာဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီးတော့ အသီးသီး ဆောင်ရွက်ဖို့ လိုပါတယ်။ HRD အတွက်ဆိုရင်လည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ကျွန်တော်တို့ ပညာဝန်ကြီးဌာန နောက် အခြား နည်းပညာဝန်ကြီးဌာန စသည်အားဖြင့် Industry တွေ ဒီကနေပြီးတော့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အခု ICT ကို အခြေခံပြီးတော့ SME တိုးပွားဖို့ အတွက် ဒါ ဆောင်ရွက်ဖို့ လိုပါတယ်။ ခုနတုန်းက ကျွန်တော်ပြောတဲ့ Policy ထဲမှာ ဒီဟာတွေကို ထည့်ထားမှာပါ။ ဒီဟာတွေကို ဆောင်ရွက်တဲ့အခါမှာ ဘယ်က ဆောင်ရွက်မလဲဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနကနေ ကျွန်တော်တို့ ဆောင်ရွက်ရမှာပါ။

ဒီနေ့ စင်ကာပူနိုင်ငံမှာဆိုလို့ရှိရင် ဒီကနေ့ အခြေအနေမှာပဲ ICT ကို အခြေခံပြီးတော့ SME တိုးတက်ဖို့အတွက် သူတို့က ဘီလီယံအဆင့် ဒေါ်လာ ကျခံပြီးတော့ Project တွေ (၂၀၀)ကျော်၊ (၃၀၀)ကို ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ Policy ထဲမှာ ထည့်ထား တာပါ။ Policy ဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြတာ ဒီလိုသဘောမျိုး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီ ICT အကောင်အထည်ဖော်မှု Policy များကို လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရန် လွန်စွာအရေးကြီးပါတယ်။ GDP တိုးတက်မှုအတွက်လည်း အထောက်အကူ တွန်းအား တစ်ရပ်ဖြစ်ပါတယ်။ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ အသိပညာ တိုးတက်စေခြင်းနဲ့ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေခြင်းတို့အတွက်လည်း အထောက်အကူ များစွာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်း ထူထောင်နေတဲ့ အသိဉာဏ် အခြေခံစီးပွားရေး အတွက်လည်း အရေးကြီးပါတယ်။ အဲဒီတော့ ICT အကောင်အထည်ဖော်ရန် မူဝါဒများချမှတ်ပြီးတော့ ဆောင်ရွက်ရန် လိုအပ်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ် တင်သွင်းလိုပါတယ်။ ကျွန်တော် ခုနတုန်းက တင်ပြထားတဲ့အထဲမှာ Master Plan ကို ကျွန်တော် ဆိုလိုခြင်း မဟုတ်ပါဘူး။ သူတို့ဆီမှာ ခုနတုန်းက ICT Policy Office ဆိုပြီးတော့ သတ်သတ်ဒီဟာတွေလည်း ဖွဲ့စည်းထားပါတယ်။

အဲဒီတော့ သူကတော့ ဒီအဖွဲ့အစည်းဟာ အဲဒီက မူဝါဒတွေဆိုရင် သက်ဆိုင်ရာ ကျွန်တော်တို့ နိုင်ငံတွေမှာ Cabinet သက်ဆိုင်ရာ Government တင်ပြီးတဲ့ဟာကို သူတို့ အတည်ပြု၊ အတည်ပြု

ပြီးမှ ဒီဟာတွေကိုဆောင်ရွက်တာပါ။ အဲဒီ တချို့ Policy နဲ့ ပတ်သက်တဲ့ဌာနကလည်း အမြဲတမ်း တချို့လိုအပ်ရင် လိုအပ်သလို ဒီ Policy တွေကို ကျွန်တော်တို့က ထိန်းကျောင်းပြီးတော့ ဆောင်ရွက်ပါတယ်။ တစ်နေရာတည်းက ကျွန်တော်တို့က ဆက်သွယ်ရေးဝန်ကြီးဌာနတစ်ခုတည်းကနေ ဆောင်ရွက်တာ ဒီလိုသဘောမျိုးတွေ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ မူဝါဒများ ကျွန်တော်တို့ဆီမှာ ချမှတ်ဆောင်ရွက်သင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)ရဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများချမှတ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ မြန်မာနိုင်ငံသည် နိုင်ငံတကာ နှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာခင်ရွှေ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၉။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယ ဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားရေးကူးသန်း ရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အချက်အလက်များ ပါရှိသည့်အတွက် ဖတ်ကြားခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ နိုင်ငံတော် သမ္မတကြီးကနေ ပြီးတော့ နိုင်ငံတကာနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန်အတွက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် ဦးဆောင်ပြီးတော့ ဖိတ်ခေါ်လျက်ရှိတာကို ကျွန်တော်တို့ အားလုံးအသိပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖော်ဆောင်နေတဲ့ ပြုပြင် ပြောင်းလဲရေးတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ မကြာသေးမီရက်က EU မှ စီးပွားရေးပိတ်ဆို့မှု အားလုံး လက်နက် ရောင်းဝယ်ရေးကိစ္စက လွဲပြီးတော့ ရုပ်သိမ်းပေးခဲ့တာဟာလည်း အပြုသဘော ပြုပြင်ပြောင်းလဲခြင်း များအတွက် အထူးအရေးပါတဲ့ တိုးတက်မှုတစ်ရပ်အဖြစ် ပြောကြားနိုင်ကြပါတယ်။ EU ရဲ့ GSP မူဘောင်အောက်မှာ မြန်မာနိုင်ငံအတွက် အထူးကုန်သွယ်မှု အခွင့်အရေးများရရှိရန် စဉ်းစားဆောင်ရွက် နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ အမေရိကန်ပြည်ထောင်စုအစိုးရကလည်း မြန်မာနိုင်ငံအပေါ်မှာ ထားရှိတဲ့ စီးပွားရေးပိတ်ဆို့မှုတွေ လွန်ခဲ့တဲ့နှစ်ကစပြီးတော့ ဖြေလျှော့ပေးနေပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ပြီးတော့ စီးပွားရေးလုပ်ငန်းများ ထူထောင်လိုကြတဲ့ ပြည်ပကုမ္ပဏီများ အတွက် မျှတတဲ့ စီးပွားရေးယှဉ်ပြိုင်မှု အခြေအနေကို ဖန်တီးပေးဖို့အတွက် အဲဒီရည်ရွယ်ချက်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ အဲဒီဥပဒေနဲ့စပ်လျဉ်းတဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရင်းနဲ့ အာဆီယံ (၁၀)နိုင်ငံအပြင် လေ့လာသူနိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုးရီးယား စတဲ့ အပေါင်းသုံးနိုင်ငံများ အမေရိကန်ပြည်ထောင်စု EU နိုင်ငံများ ပါဝင်တဲ့ ဆွေးနွေးဖက် နိုင်ငံများနှင့် နိုင်ငံတကာလုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိစ္စများကို ပူးတွဲဆောင်ရွက် သွားရန် ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်မယ့် အာဆီယံ စီးပွားရေး အသိုက်အဝန်း AEC ထူထောင်ရာမှာလည်း မြန်မာနိုင်ငံဟာ ရှေ့တန်းမှ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီဆောင်ရွက်မှုများ ဖော်ဆောင်ရာမှာ ပြည်သူများ ဗဟိုပြုတဲ့ မဟာဗျူဟာစီမံချက်များ ချမှတ်ပြီးတော့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် ဆောင်ရွက်နေသည် ကိုလည်း ကြုံဆိုရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံအသီးသီးနဲ့ စီးပွားရေးကူးသန်းမှု ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ခြင်းများအတွက် နိုင်ငံခြား လုပ်ငန်း ရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ နိုင်ငံခြားဆက်ဆံရေးဟာ အလွန်အရေး ပါတဲ့ ကဏ္ဍတစ်ရပ် ဖြစ်ကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံခြားလုပ်ငန်းရှင်များ မြန်မာ နိုင်ငံရဲ့ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များကို သိရှိနိုင်ဖို့အတွက် ၎င်းတို့နဲ့ နီးစပ်ဖို့ လိုပါတယ်။ လက်ရှိအနေအထားမှာ ပင်လယ်ရပ်ခြားနိုင်ငံ (၃၃)နိုင်ငံမှာ မြန်မာနိုင်ငံသံရုံး၊ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ အာဆီယံအဖွဲ့ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ရုံးများကို နိုင်ငံတော်ရဲ့ ငွေကြေးတတ်နိုင်မှုအင်အားကို ချင့်ချိန်ပြီးတော့ အသုံးပြု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရပါတယ်။ အဲဒီရုံးများအနေနဲ့ နိုင်ငံခြားသားများ ပြည်ဝင်ဗီဇာ လျှောက်ထားမှုကိစ္စ ပြည်ပရောက်မြန်မာနိုင်ငံမိသားစုများရဲ့ နိုင်ငံခြား နိုင်ငံကူးလက်မှတ်ကိစ္စများနဲ့ အခြားကိစ္စများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရပါတယ်။ နိုင်ငံတော်ရဲ့ ဖြစ်ရပ်မှန် များကို Internet, Facebook စသည့်များတွင် တွေ့ရတာထက်စာရင် လူချင်းတွေ့ ပြီးတော့ ရှင်းပြခြင်းက ပိုပြီး ထိရောက်ပါတယ်။ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေး ပိတ်ဆို့မှုများ ရုပ်သိမ်းခြင်း၊ နိုင်ငံတော်မှာ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက် နေခြင်း၊ FDI ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဥပဒေများပြဋ္ဌာန်းရန်မှာ လာရောက် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရတို့ကြားမှ ရှဋ္ဌလည်း လျှောက်သာ ပျားလည် စွဲသာ နှစ်ဦးနှစ်ဖက် Win Win Policy ကို အခြေခံ ရေးဆွဲထားကြောင်းကို ရှင်းလင်းပြောကြားပေးဖို့ တာဝန်ရှိသူများအား နိုင်ငံတကာမှာ တာဝန်နဲ့ စေလွှတ်ထားတဲ့ သံရုံးနဲ့ ကောင်စစ်ဝန်ရုံးဝန်ထမ်းများ၊ သံတမန်များကနေပြီးတော့ အထူး ကိစ္စတစ်ရပ်အနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်သလို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲတိုးတက်မှု စီးပွားရေးတိုးတက်လာမည့် အလားအလာကောင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ စည်းရုံး ပြောဆိုနေရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ယနေ့ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိတဲ့ Globalization နှင့်အညီ နိုင်ငံပေါင်း (၈၃)နိုင်ငံခန့်နှင့် သံတမန်အဆက်အသွယ်များ ပြုလုပ်ထားရှိပြီး ဒေသအလိုက်ပြောရရင် အာရှနှင့် အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိက မြောက်နှင့်တောင်၊ ကနေဒါ၊ သြစတြေးလျ၊ အရှေ့အလယ်ပိုင်းဒေသများ ပါဝင်ကြောင်း သိရပါတယ်။ သံတမန်ဆက်ဆံရေး ဆောင်ရွက်ရာ

မှာလည်း သံရုံးကြီးများအပြင် ကောင်စစ်ဝန်ရုံးကြီးများလည်း ဖွင့်လှစ်ဆောင်ရွက်ရပါတယ်။ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေး စတဲ့ ဖွံ့ဖြိုးတဲ့ မြို့တော်များနဲ့ မြန်မာနိုင်ငံသားများ ရောက်ရှိနေထိုင်တဲ့ ရှိတဲ့သံတမန်အဆက်အသွယ်လည်း ဆောင်ရွက်ထားပြီးဖြစ်တဲ့ နိုင်ငံများမှာ မြို့ခွဲအချို့မှာ မြန်မာကောင်စစ်ဝန်ရုံး Consulate General Office များနှင့် ဖွင့်လှစ်ထားရှိပါတယ်။ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာရှိတဲ့ ဟောင်ကောင်မြို့၊ ကူမင်းမြို့၊ နန်နင်းမြို့များနဲ့ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့များမှာ ဖွင့်ထားကြောင်း သိရပါတယ်။ နိုင်ငံတကာမှာ မြန်မာနိုင်ငံသားအများစု နေထိုင်တဲ့ မြို့များနဲ့ နိုင်ငံခြားသားများ ပြည်ဝင်ဗီဇာများ လျှောက်ထားရာမှာ လွယ်ကူစွာဆောင်ရွက်ပေးရန် လိုအပ်လာပြီ ဖြစ်ပါတယ်။

ဥပမာအားဖြင့် တိုင်းပြည်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကိစ္စနှင့် ခရီးသွားလုပ်ငန်းကိစ္စရပ်များအတွက် နိုင်ငံဧရိယာကျယ်ဝန်းလှတဲ့ သံရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ လက်တင်အမေရိကနိုင်ငံအချို့နှင့် ဩစတြေးလျနိုင်ငံရှိတဲ့မြို့များ အာဖရိကတိုက်မှာရှိတဲ့ နိုင်ငံများက နိုင်ငံသားများအတွက်နဲ့ ဖော်ပြပါမြို့အသီးသီးမှာ ကျရောက်နေတဲ့ မြန်မာနိုင်ငံသားများအတွက် ကောင်စစ်ဝန်ရုံးများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါမယ်။ ကောင်စစ်ဝန်ရုံးနဲ့ စပ်လျဉ်းပြီးတော့ Vienna Convention on Consular Relation ကောင်စစ်ရေးရာ ဆက်ဆံရေးကိစ္စရပ်များဆိုင်ရာ ဗီယင်နာနိုင်ငံတကာ သဘောတူညီချက် အခန်း(၅)ပါ ဖော်ပြချက်အရ ကောင်စစ်ဝန်ရုံးရဲ့လုပ်ငန်းရပ်များ အဓိကအားဖြင့် စေလွှတ်တဲ့ နိုင်ငံနှင့် ရုံးစိုက်ရာ အိမ်ရှင်နိုင်ငံများအကြားမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ ယဉ်ကျေးမှုနဲ့ သိပ္ပံနည်းပညာ ဆက်ဆံရေးဆိုင်ရာကိစ္စများ၊ ဗီဇာနဲ့နိုင်ငံကူးလက်မှတ်ကိစ္စများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများကို ကူညီခြင်း၊ နိုတြီကိစ္စနှင့် မှတ်ပုံတင်ခြင်း ထောက်ခံချက်များပေးခြင်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို အကြောင်းမျိုးမျိုးနဲ့ နောက်တစ်ခါ အကြောင်းမျိုးမျိုးကြောင့် ဘေးဒုက္ခကြောင့်အခက်အခဲတွေ့တဲ့ ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားများကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ဆောင်ရွက်ခြင်း များကို အကျဉ်းချုံး ဖော်ပြလိုက်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သံတမန်ဆက်ဆံရေးမှာ သံရုံးများဟာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိစ္စများကို အခြေခံ ဆောင်ရွက်ရပြီးတော့ ကိုယ်စားလှယ်အဖွဲ့ရုံးများကလည်းကုလသမဂ္ဂနဲ့ ၎င်း၏ သက်ဆိုင်ရာ Agency များ၊ နိုင်ငံတကာ အဖွဲ့အစည်းကိစ္စရပ်များ၊ ဆောင်ရွက်ရကြောင်းသိရပါတယ်။ ကောင်စစ်ဝန်ရုံးဟာ သံရုံးကြီး ဖွင့်လှစ်ဆောင်ရွက်ထားရှိတဲ့ နိုင်ငံရဲ့ကုန်သွယ်စီးပွား အချက်အချာကျတဲ့ မြို့တော်နေရာဒေသ သံရုံးအဖြစ် ထပ်ဆင့်ဖွင့်လှစ်ထားပြီးတော့ကုန်သွယ်စီးပွားနှင့် မြန်မာနိုင်ငံသား အကျိုးများအတွက်ကို ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံးဆိုတာကလည်း လောလောဆယ်မှာ ကောင်စစ်ဝန်ရုံးဖွင့်လှစ်သင့်တဲ့ နိုင်ငံရဲ့မြို့ကြီးတစ်ခုခု ယင်းနိုင်ငံများထဲကနေပြီးတော့ ဂုဏ်သရေရှိတဲ့ သမာသမတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးကို နိုင်ငံ့ကိုယ်စား ဆောင်ရွက်ရန် ခန့်အပ်ထားကြောင်း သိရပါတယ်။ ဥပမာကိုးရီးယား နိုင်ငံမှာဆို ဂူဆန်းမြို့မှာ ကိုးရီးယားနိုင်ငံသားတစ်ဦးကို သံတမန်အစစ် မဟုတ်ဘဲနဲ့မြန်မာနိုင်ငံရဲ့ ကိုယ်စားပြု ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ထားပြီးတော့ ဆွီဒင်၊ဘယ်လာရုစ်နိုင်ငံတို့မှာလည်း မြန်မာနိုင်ငံသားထဲက ပုဂ္ဂိုလ်တစ်ဦးကို ဂုဏ်ထူးဆောင်

ကောင်စစ်ဝန်အဖြစ် ခန့်အပ်ပြီးတော့ ရန်ကုန်မြို့မှာ ရုံးစိုက်ဖွင့်လှစ် ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။ အလားတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ သံရုံးကြီးများထားရှိပြီးတော့ အရင်တုန်းက ဆိုရင် ချင်းမိုင် မြို့မှာ ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ အဲဒီကောင်စစ်ဝန်ရုံးကို ရှေ့အချိန်ကတည်းက နိုင်ငံတကာဆက်ဆံရေးအရ မလိုတော့ဘူးလို့ ယူဆပြီးတော့ ပိတ်ခဲ့တာ နှစ်ပေါင်း(၄၀)ခန့်ရှိပြီဖြစ်ကြောင်း သိရပါတယ်။ ဒီနေ့ နိုင်ငံတကာဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့အခါမှာ ချင်းမိုင်လို မြို့မျိုးမှာ နိုင်ငံတော်မှ နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဖို့အတွက်ကို ဘတ်ဂျက်ကုန်ကျမှု အဆင်ပြေလို့ရှိရင် ကောင်စစ်ဝန်ရုံး ပြန်လည်ဖွင့်လှစ်သင့်ကြောင်းကို အကြံပြုလိုပါတယ်။ လောလောဆယ် ဘတ်ဂျက်အနေအထားနှင့် လူမှုစီးပွားဆက်ဆံမှုများ သုံးသပ်ပြီးတော့ မြန်မာကောင်စစ်ဝန်ရုံးများကို ဖွင့်လှစ်နိုင်ခြင်း မရှိသေးတဲ့ နေရာများမှာ အဲဒီနိုင်ငံရဲ့ အိမ်ရှင် နိုင်ငံသားများထဲကနေပြီးတော့ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ နှစ်နိုင်ငံအပြန်အလှန် ခန့်အပ်ပြီးတော့ ရုံးများ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက် စေသင့်ပါတယ်။ လက်ရှိမှာ နယ်သာလန်၊ လက်ဘနွန်၊ ဂရိ၊ ကိုးရီးယားနိုင်ငံများမှာ မြန်မာနိုင်ငံကိုကိုယ်စားပြုတဲ့ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ ထားရှိ ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့အတူ ကူးသန်းရောင်းဝယ်ရေးနဲ့ ရွှေ့ပြောင်း အလုပ်သမားများ ကိစ္စအတွက် စီးပွားရေးသံမှူးများ၊ အလုပ်သမားရေးရာသံမှူးများ ထားရှိရန် လည်းဆောင်ရွက်နေကြောင်း သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ သံတမန် ဆက်ဆံရေးကို အထက်ပါအတိုင်းဆောင်ရွက်လျက်ရှိတာကို လွန်စွာဂုဏ်ယူအားရမိပါတယ်။ လက်ရှိခေတ်ကာလ နှင့် တစ်ပြေးညီ မြန်မာနိုင်ငံအား နိုင်ငံအတွက် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက်ကို ဆောင်ရွက်နေပြီးတော့ အာဆီယံ စီးပွားရေး အသိုက်အဝန်းနဲ့ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှု အပါအဝင် အကောင်အထည်ဖော်တဲ့ နေရာမှာ လိုအပ်တဲ့ Development Partnership ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် မိတ်ဆွေကောင်းများကို ဖိတ်ကြား ပြီးတော့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဆောင်ရွက်သည်ကိုလည်း မိမိတို့ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရေးနဲ့ နိုင်ငံတကာနှင့် စီးပွားကူးသန်း ရောင်းဝယ်ရေးဆောင်ရွက်တဲ့ နေရာမှာ မြန်မာသံရုံး၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန် ချုပ်ရုံးများနှင့် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ အခန်းကဏ္ဍဟာ အရေးပါတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်ပနိုင်ငံများမှာ လိုအပ်မယ့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် သံတမန် တိုးချဲ့ဆောင်ရွက်ရန် အမှန်လိုအပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ပြောင်းလဲလာတဲ့ နိုင်ငံတကာဆက်ဆံရေး အခြေအနေအရ သံတမန်ဆက်ဆံရေး ကိစ္စများမှာ ပါဝင်လာတဲ့ နိုင်ငံတကာ စီးပွားကူးသန်းရောင်းဝယ်ရေးကိစ္စ၊ နိုင်ငံတကာနဲ့ အပြန်အလှန် ရင်းနှီးမှုကိစ္စ တိုးချဲ့ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံချင်းဆက်ဆံရေး တိုးချဲ့လာဖို့လည်း လိုအပ်ပါတယ်။ ယခုကျွန်တော်တင်ပြတဲ့ အခြေပြုပြီး နိုင်ငံတကာမှာ လုပ်ငန်းရှင်များနဲ့ မိခင်နိုင်ငံက စီးပွားရေး လုပ်ငန်းရှင်များ အတွက်ကိုပါ အကျိုးသက်ရောက်တာ ဖြစ်ပြီးတော့ ၎င်းတို့အနေနဲ့ လိုအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော် တင်သွင်းချင်တဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ စီးပွားရေး၊ လူမှုရေးကဏ္ဍများဖွံ့ဖြိုးစေပြီးတော့ နိုင်ငံတကာနဲ့ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး ပိုမိုတိုးမြှင့်စေရန်အတွက် လက်ရှိဖွင့်ထားတဲ့ သံရုံးကြီးများအပြင် နောက်ထပ် ကောင်စစ်ဝန်

ရုံးချုပ်များကို လိုအပ်မည့် နိုင်ငံခြားမြို့အသီးသီးမှာ တိုးချဲ့ဖွင့်ထားဖို့နဲ့ နောက် အချို့နိုင်ငံများမှာ အကြောင်းအမျိုးမျိုးကြောင့် ကောင်စစ်ဝန်ရုံးများ မဖွင့်နိုင်သေးလို့ရှိရင်လည်း ဒေသခံပုဂ္ဂိုလ်များကို အသုံးပြုပြီးတော့ နှစ်နိုင်ငံကိုယ်စားပြုတဲ့ Honorable Cousulate General ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ အပြန်အလှန် တိုးချဲ့ခန့်ထားပေးဖို့ ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့် သံတမန်ရေးရာကိစ္စနှင့်အတူ နိုင်ငံတကာနဲ့ ခရီးသွားလာရေး လုပ်ငန်းများတိုးတက်ဖို့ စီးပွားရေးကူးသန်းရောင်းဝယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆထက်ထမ်းပိုး တိုးတက်ဆောင်ရွက်ဖို့အတွက်ကို ဒီ ကျွန်တော်တို့ နိုင်ငံရေးဆက်ဆံရေး တိုးမြှင့်တဲ့နေရာမှာ နှစ်ရှည် စီမံကိန်းများချပြီးတော့ ဆောင်ရွက်နေမယ့်အစားကို စောစောစီးစီး ဆောင်ရွက်နိုင်လေ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိလေ ဖြစ်တဲ့အတွက်ကြောင့် အမြန်ဆုံး ဆောင်ရွက်ပေးပါရန် အစိုးရ အဖွဲ့အား အဆိုပြုတိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ခင်ရွှေ ၏ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များကို တိုးချဲ့ဆောင်ရွက်ရန် အဆိုကို ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း မှ ထောက်ခံအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာ နိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာခင်ရွှေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့်လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ် တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၈)။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ် တားမြစ်ပေးနိုင်ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ဦးဖေသောင်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၇။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) ။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော် က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားမဝင်ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းမှု ဖြစ်ပေါ်လာပြီး၊ လယ်ယာမြေပျက်စီးမှု ဖြစ်ပြီး အလုပ်လက်မဲ့ဖြစ်နေတဲ့ တောင်သူလယ်သမားများ အပေါ် အမြန်ဆုံးစီမံဆောင်ရွက်ပေးနိုင်ရန်နှင့် ပျက်စီးယိုယွင်းနေတဲ့ အင်းတော်ကြီးကန်အတွက် အမြန်ဆုံး တားမြစ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းတဲ့ အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းတော်ကြီးကန်ဟာ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် ဟိုပင်မြို့နယ်ခွဲ မီးရထားလမ်းရဲ့ အနောက်ဘက် (၂၇)မိုင်အကွာမှာ တည်ရှိပါတယ်။ မိုးညှင်းနယ်အတွင်း တည်ရှိတဲ့ အင်းတော်ကြီးဒေသဟာ တောင်များ ပတ်လည်ဝိုင်းရံလျက် ကျယ်ပြန့်တဲ့ ချိုင့်ဝှမ်းလွင်ပြင်ဖြစ်ပြီး၊ သီးခြား ဖြစ်တည်နေတဲ့ နယ်မြေတစ်ခု ဖြစ်ပါတယ်။ ဝိသေသထူးသော ဒေသဖြစ်တာနဲ့အညီ မြေကျွံချိုင့်ဝှမ်းမှ ဖြစ်တည် လာတဲ့ အင်းရေပြင်ဟာ အလျား(၁၄)မိုင်၊ အနံ(၇)မိုင်ရှိပြီး အရှေ့တောင်အာရှတွင် အကြီးဆုံး ကုန်းတွင်းရေနေဒေသကြီးအနက် တစ်ခုအပါအဝင်အဖြစ် အသိအမှတ်ပြုထားတဲ့ ကန်ကြီးတစ်ကန်

လည်း ဖြစ်ပါတယ်။ ယခင် အင်္ဂလိပ်များကတော့ တောင်ပေါ်ကန်လို့ခေါ်ကြပါတယ်။ Mountain Lake ကျွန်တော်တို့ မြန်မာကတော့ အင်းတော်ကြီးကန်၊ ကချင်ပြည်နယ်က ကျွန်တော်တို့ ကချင်လူမျိုးတွေကတော့ နောင်ကမ္ဘာ လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ရှမ်းကတော့ နောင်လုံ လို့ ခေါ်ပါတယ်။ ဒေသက သမရာသီဥတု ရှိပြီးတော့မှ နှစ်စဉ်ပျမ်းမျှမိုးရေချိန် (၇၀)လက်မအထက်မှာ ရွာသွန်းပါတယ်။ အအေးဆုံးလမှာဆိုရင် (၆.၄)နဲ့ တစ်ခါတလေ (၅)စင်တီဂရိတ်အထိ ရှိပြီးတော့မှ အပူဆုံးကာလမှာ (၄၀)စင်တီဂရိတ်အထိ ရှိတတ်ပါတယ်။ ဒေသကတော့ ရွက်ပြတ်ရောနှော တောစိုနဲ့ တောစိမ်း၊ Semi Ever Green တောအမျိုးအစား(၂)မျိုးကို အများဆုံးတွေ့ရပါတယ်။ ပူအိုက်စွတ်စိုတဲ့ ရာသီဥတုလည်း ဖြစ်ပါတယ်။ အင်းတော်ကြီးကန်မှာ ရှားပါးတိရစ္ဆာန်မျိုး နဲ့ အပင်မျိုးစေ့များ အများအပြားတွေ့ရှိရပါတယ်။ မြောက်ဝင်ရိုးစွန်းဒေသရှိ ဆောင်းခိုငှက်များ လာရောက်ကျက်စားကြတဲ့အတွက် ပြည်တွင်း/ပြည်ပ ငှက်ပညာရှင်များ အာရုံစိုက် လေ့လာမှုပြုတဲ့ နေရာဒေသတစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတကာကလည်းပဲ နိုင်ငံတကာအသိအမှတ်ပြုကာ Important Bird Area (IBA) တစ်ခုလည်း ဖြစ်ပါတယ်။ အင်းတော်ကြီးဒေသဟာ ကျေးရွာအုပ်စုအားဖြင့် ကျေးရွာ အုပ်စုကြီး(၁၁)အုပ်စုနဲ့ ရွာပေါင်း(၃၉)ရွာတို့ တည်ရှိပါတယ်။ လူဦးရေအားဖြင့် (၅၀၀၀၀) ဝန်းကျင် ရှိပြီး အင်းတော်ကြီးကန် ပတ်လည်မှာ ဧကထောင်ချီပြီးတော့မှ လယ်ကွင်းများရှိပါတယ်။ ဒေသရှိ နယ်မြေ လူထုဟာ အဓိက အသက်မွေးဝမ်းကျောင်းမှုမှာ လယ်ယာစိုက်ပျိုးခြင်းသာ ဖြစ်ပါတယ်။ ကန်၏ အလယ်မှာဆိုရင် တန်ခိုးကြီးစေတီ ရွှေမဥ္ဇူစေတီ ရှိပြီးတော့မှ နှစ်စဉ်ပွဲတော်များကို ကျင်းပလျက် အနယ်နယ်အရပ်ရပ်ကနေ ဘုရားဖူးဧည့်သည်များဟာ ပွဲတော်မှာ ကြက်ပျံမကျ စည်းကားလျက် လာကြပါတယ်။ အဲဒီအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ အစီအမံဖြင့် အင်းတော်ကြီးကန်ရဲ့ ပတ်လည်မှာ ဧရိယာအားဖြင့် (၁၃၇၃၈၆)ဧက ကျယ်ဝန်းတဲ့ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်မှ စတင်ပြီးတော့ သတ်မှတ်အကောင်အထည် ဖော်လျက်ရှိပါတယ်။ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောကို အာဆီယံ အမွေအနှစ် ဥယျာဉ်၊ ASEAN Heritage Park တစ်ခုအဖြစ် သတ်မှတ်ထား ရှိပြီးဖြစ်ကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုးဆုံးက အင်းတော်ကြီးကန်ကို စီးဆင်းနေတဲ့ ခေါင်းတုံးချောင်းဟာ တရားမဝင် ရွှေတူးဖော်မှုကြောင့် ရွှံ့ရေနဲ့ သဲနုန်းတွေဟာ ကန်အတွင်းကို စီးဝင်လျက် ရှိနေပါတယ်။ အဲဒါကြောင့်မို့လို့ ကန်ကြီးဟာ သောင်ထွန်းမှု ဖြစ်လာပြီး တဖြည်းဖြည်း တိမ်ကောလာပါတယ်။ ခေါင်းတုံးချောင်း ဘေးဝဲယာမှာရှိတဲ့ လယ်ယာမြေများကလည်း သဲနုန်းဖို့ ပြီးတော့မှ ပျက်စီးမှု အများအပြားရှိနေတာကို ကျွန်တော်နဲ့အတူ မိုးကောင်းမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဦးဆောင်ပြီးတော့မှ စက်လှေတစ်စီးနဲ့ အင်းတော်ကြီးကန် သောင်ထွန်းနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ မိုင်းနောင်ကျေးရွာ ရွာလယ်ကနေ ဖြတ်စီးတဲ့ အင်းတော်ကြီးကန်ကို စီးဝင်တဲ့ ခေါင်းတုံးချောင်း ဘေးဝဲယာမှာ မုန်စက်များဖြင့် ရွှေတူးဖော်မှုကြောင့် ရွှံ့ရေနဲ့ သဲနုန်းများဟာ အင်းတော်ကြီးကန်ထဲကို စီးဝင်လျက်ရှိနေတာကို တွေ့မြင်နေရပါတယ်။ ရွှံ့ရေနှင့် အတူပါလာတဲ့ သဲနုန်းအနယ်ထိုင်မှုကြောင့် အင်းတော်ကြီးကန်ဟာ ဧက(၁၀၀) သောင်ထွန်းလျက်ရှိတဲ့အပြင် ခေါင်းတုံးချောင်းဘေးဝဲယာမှာ ရှိတဲ့ လယ်ဧက(၅၀၀)ခန့်ဟာ သဲနုန်း ဖုံးလွှမ်းပြီးတော့မှ စပါးစိုက်ပျိုးရေး လုံးဝမဖြစ်နိုင်တော့တဲ့ အခြေအနေမျိုးကို ရောက်နေတာကို တွေ့ခဲ့ရပါတယ်။

လယ်ယာမြေပျက်ဆီးခံနေရတဲ့ တောင်သူများဟာ ဦးရေ(၅၀)အထက်မှာ ရှိပါတယ်။ အချို့တောင်သူများမှာလက်ရှိမိမိ လယ်ယာမြေ သဲနုန်းဖို့ခြင်းကြောင့် လုံးဝပျက်ဆီးပြီး အလုပ်လက်မဲ့ ဖြစ်နေရတဲ့ ဘဝမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို အလေးပေးဆောင်ရွက်ဖြေရှင်းပေးရန် တင်ပြ လိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ရေပြင်သောင်ထွန်းတဲ့ ဧကဟာ(၁၀၀)ဝန်းကျင်ခန့်မှန်းနိုင်ရင် ကန်ရေပြင်အောက်ခြေဆင်းသွားတဲ့ ရွှံ့နုန်းမြေတွေရဲ့ စီးဝင်မှုဟာ အကျယ်အဝန်းအားဖြင့် နှစ်ဆကျော်လောက် ရေပြင်အောက်မှာ ဖြစ်ထွန်းနေမယ်ဆိုတာ အနေအထားမျိုးကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ခေါင်းတုံးချောင်းတစ်လျှောက် ရွှေတူးလျက်ရှိတဲ့ မုန်စက်တွေဟာ အလုံး(၁၀၀)အထိ ရှိတယ်လို့ တင်ပြမှုအပေါ်မှာ သိရှိခဲ့ရပါတယ်။ အဲဒီမှာ Backhoe (၄)စီးနဲ့ပဲ လုပ်နေတယ်လို့လည်းပဲ ကျွန်တော်တို့ လေ့လာသိရှိခဲ့ရပါတယ်။ တချို့ မုန်စက်တွေဟာ ကျွန်တော်တို့ဟိုပင်၊ နန့်မွန်း၊ လုံးတုံ အစိုးရကားလမ်းဘေးမှာ ရဲရဲတင်းတင်း လုပ်ဆောင်နေကြတာကိုလည်းပဲ Backhoe တစ်စီး မိုင်းတောင်ရွာအနီးမှာ မုန်စက်နဲ့ လုပ်နေတာကိုလည်း ကျွန်တော်တို့ လေ့လာရေးဆင်းတဲ့ အခါမှာ တွေ့ရှိခဲ့ရပါတယ်။ နယ်မြေစိုးမိုးမှု မပြုလုပ်နိုင်၍ တရားမဝင် ရွှေတူးဖော်တာကို တားမြစ် ထိန်းသိမ်းရန် ခက်ခဲတယ်လို့ တာဝန်ရှိသူများက အကြောင်းပြပြောဆိုခဲ့တယ်။ တကယ်တမ်းကျတော့ ရွှေတူးဖော်တဲ့နေရာမှာ ကားလမ်းဘေး၊ ရွာဘေးတွေဟာ နယ်မြေစိုးမိုးမှုရှိတဲ့ မြေနေရာများဖြစ်တာကို တွေ့ရှိခဲ့ရပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးမှာ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မိုးကောင်း ဦးစံပြည့် ဟာ အင်းတော်ကြီးကန်မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့ ဆောင်ရွက်ထားရှိမည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးခဲ့ဖူးပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်ဖြေကြားရာမှာ အင်းတော်ကြီးကန်အားထိန်းသိမ်းရန် အုပ်ချုပ်ရေးမှူးရုံးကို ၁၉၉၉ ခုနှစ်၊ မိုးညှင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၉၄ တွင်ပြဋ္ဌာန်းထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ကျင့်သုံးပြီး အင်းတော်ကြီးကန်အား ကာကွယ်ထိန်းသိမ်းထားကြောင်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများအပြင် မြို့နယ်အလိုက်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများလည်း ပူးပေါင်းပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဝန်းကျင်ပျက်စီးမှုနှင့် သဲနုန်းများ ပို့ချမှုကြောင့် ရေတိမ်ကောလာစေခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ ကန်အတွင်းရှိ ရေနေသတ္တဝါ အများအပြား ပျောက်ကွယ်၊ ဇီဝမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုမှကာကွယ်တားဆီးနိုင်ရန် ဥပဒေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းမှ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ ဒေသခံများနဲ့ပေါင်းပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အင်းတော်ကြီးကန်ကိုအာဆီယံ ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးဗဟိုဌာန ASEAN Centre for Biodiversity နှင့် နည်းပညာရန်ပုံငွေများရယူပြီး ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့် အစီအမံများ ချမှတ်ထိန်းထားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားထားခဲ့ပါတယ်။

သို့သော်လည်း တကယ့်အခြေအနေမှာ သဘာ၀ဝန်းကျင်ပျက်စီးမှုနှင့် ကန်တိမ်ကောမှု ကာကွယ်တားဆီးရာမှာ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အလွန်အားနည်းနေပါတယ်။ အင်းတော်ကြီးဒေသမှာ တာဝန်ယူလျက်ရှိတဲ့ ဝန်ထမ်းများ၊ အင်းတော်ကြီးဒေသ ရွှေတရားမဝင် အလွန်အကျွံ တူးဖော်နေမှုကြောင့် လယ်ယာမြေနှင့် သဘာ၀ဝန်းကျင် ပျက်စီးနေမှုနဲ့ ကန်တိမ်ကောမှု ဆိုးဝါးစွာ ဖြစ်ပေါ်နေတာကို သက်ဆိုင်ရာ အထက်ဌာနကို ယခင်က တင်ပြဖူးခဲ့တယ်လို့ သိရပါတယ်။ အထက်ကလည်းပဲ ပံ့ပိုးဆောင်ရွက်မှု မရှိခဲ့ခြင်း၊ နယ်မြေခံတောင်သူများကလည်းပဲ သက်ဆိုင်ရာ အထက်ကိုလည်း တင်ပြဖူးတယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့ ယခုအခါမှာ သတင်းပို့တင်ပြ ခြင်း ပျက်ကွက်တာတွေ၊ တောင်သူများကလည်းပဲ အထက်က ဆောင်ရွက်မှု မရှိတဲ့အတွက် မတိုင်ကြား တာတွေ၊ ပျက်ကွက်မှုတွေ ရှိတာကို တွေ့ရှိခဲ့ရပါတယ်။ အလားတူ ပြည်နယ်/ခရိုင်/မြို့နယ် အုပ်ချုပ်ရေး ပိုင်းတွေမှာ တာဝန်ရှိတဲ့သူတွေက အောက်ခြေမှ သတိပေးမှုကိုတော့ ထိထိရောက်ရောက် ညှိနှိုင်း ဆောင်ရွက်ပေးမှုများ၊ လူထုပညာပေးဟောပြောမှု အားနည်းခဲ့ခြင်းကြောင့် တရားဝင် သတင်းပေးပို့မှု ရှိမှသာလျှင် လုပ်ငန်းကို ဆောင်ရွက်လေ့ရှိတဲ့ အနေအထားမျိုး တွေ့မြင်နေရပါတယ်။ ဖြစ်ပျက်မှု အခြေအနေကို သတင်းပေးပို့တဲ့ လူများနဲ့ ကာကွယ်တားမြစ်၊ ထိန်းသိမ်းဆောင်ရွက်မည့် အဖွဲ့ များကို လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ မတရားကိုယ်ကျိုးစီးပွားရှာသူက နည်းမျိုးစုံနဲ့ အန္တရာယ် ပြုခြင်းများ ပြုလုပ်လေ့၊ ပြုလုပ်ထ ရှိတဲ့အတွက် အထက်မှ တာဝန်ရှိသူများက မိမိဝန်ထမ်းများ၊ သတင်းပေးသူများကို အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းစဥ်းစား ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ အုပ်ချုပ်ရေးပိုင်း တာဝန်ယူရတဲ့ အဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ။ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံဒေသမှ ပြည်သူများ အားလုံးပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှသာလျှင် အင်းတော်ကြီးကန် ပတ်ဝန်းကျင်တွင် တရားမဝင် ရွှေတူးဖော်မှုကြောင့် ကန်သောင်ထွန်းနေမှု၊ လယ်မြေများ ပျက်စီးမှုအပါအဝင် သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်များ ပျက်ဆီးခြင်းကို ကာကွယ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၀ အရ တင်ပြ ရမယ်ဆိုရင် နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စများတွင် နိုင်ငံတော်အားကူညီရန် တာဝန် ရှိသည် ဟု ဆိုထားပါတယ်။ (က) အမျိုးသားယဥ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ (ခ) သဘာ၀ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ (ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး မြင့်မားစေရန် ကြိုးပမ်းခြင်း။ (ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း ဟူ၍ ဖော်ပြထားပါတယ်။

ယခုအခါ လယ်ယာမြေ ပျက်စီးခြင်းခံနေရတဲ့ တောင်သူအချို့ နယ်မြေတစ်ခုလုံး လုပ်ကိုင် မရတော့ဘဲ ဆုံးရှုံးနေတဲ့ အနေအထားကို တင်ပြလိုပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တောင်သူ လယ်သမား(၅၀)ဟာ လက်မှတ်ရေးထိုးပြီးတော့မှ မိမိတို့ပျက်တဲ့လယ်ကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ဆီ တင်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ကလည်း ဝတ္တရားရှိတဲ့ အတိုင်း လယ်သမားကို မေးပါတယ်။ ခင်ဗျားတို့ ပျက်လာတာ ဘယ်နှစ်နှစ် ရှိပြီလဲ။ ကျွန်တော်တို့ လေးငါးနှစ်ကာလထဲ ဝင်လာပါပြီ။ အဲဒီမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေ လယ်ပျက်တဲ့ကိစ္စတွေ

ကွင်းဆင်းပြီးတော့မှ ဘာမှမလုပ်ပေးဘူးလား။ ခေါ်ပြီးတော့မှ မညှိနိုင်းဘူးလား။ ဘာတစ်ခုမှ မလုပ်ခဲ့နိုင်တဲ့ အနေအထားမျိုး ပြောခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီ ယခုပျက်နေတဲ့ လယ်သမားတွေဟာ ကျွန်တော်တို့ ကွင်းဆင်းလေ့လာတဲ့အခါမှာ အမှန်တကယ်လည်း ပျက်နေပါတယ်။

ဒါကိုချောင်းတွေမြောင်းတွေပျက်သွားတဲ့အတွက် လယ်သမားတွေဟာ အချို့ကို တင်ခဲ့တဲ့ (၅၀)ကျော်မှာ စာရင်းကြည့်လိုက်တဲ့အခါ လုံး၀ လယ်ပျက်စီးသွားတဲ့ ဦးရေဟာ(၅၀)ရဲ့ တစ်ဝက်လောက် နီးပါးရှိနေပါတယ်။ ဒါကို နိုင်ငံတော်ကနေပြီးတော့မှ အခု ကွင်းဆင်းစစ်ဆေးပြီးတော့မှ စက်ယန္တရားများနဲ့ အဲဒီချောင်းတွေ၊ မြောင်းတွေကို ပြန်ဖော်ပြီး လုပ်ပေးမှ သာလျှင် တောင်သူတွေဟာ ပြန်လည်ပြီးတော့မှ လယ်ယာမြေတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရင်တောင်မှ လေးငါးဆယ်နှစ်အတွင်းမှာ ရေစီးရေလာကောင်းပြီး ပြန်ပြုပြင်နိုင်မှ သာလျှင် ပထမမူရင်းမြေအနေအထားကို ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်တော်ကြီးဒေသ၊ ခေါင်းတုံးချောင်းကနေ ပျက်စီးနေတဲ့ လယ်မြေအတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို တွန်းအားပေးဖို့ရာ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့ အင်တော်ကြီးဒေသ၊ ခေါင်တုန်းချောင်း တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်တော်ကြီးကန် သောင်ထွန်းနေမှုများ ဖြစ်နေမှုနှင့် ဧက(၅၀၀)ခန့်ပျက်စီးနေတဲ့ လယ်ယာမြေများအတွက် အလုပ်လက်မဲ့ဖြစ်နေတဲ့ တောင်သူများအတွက်နဲ့ ပျက်စီးယိုယွင်းလာတဲ့ အင်တော်ကြီးကန်အတွက်အမြန်ဆုံး ကာကွယ်တားမြစ်ပေးနိုင်ရေးနဲ့ စီမံဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) ဦးဖေသောင်း တင်သွင်းသွားတဲ့အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ကျွန်တော် ဦးအောင်ချစ်လွင် က ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဖေသောင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှု အပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဖေသောင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသောင်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၁။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၄၁)နာရီ အချိန်တွင် ရပ်နားပါသည်။]